မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒေါ့ဖုန်းယန်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး၏နယ်မြေဒေသအားလုံး တစ်ပြိုင်တည်းမျှမျှတတဖွံ့ဖြိုးတိုးတက်ရေး ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြိုနိမ့်မြင့်ကွာဟချက်များ လျော့နည်းကျဆင်းပြီး တိုင်းရင်းသားအားလုံး လူနေမှုဘဝပြည့်စုံလုံခြုံရေး မျှော်မှန်းလုပ်ကိုင်နေ ရပ်ကျိုး၊ ရွာကျိုး၊ တိုင်းကျိုး၊ ပြည်ကျိုးလုပ်ကိုင်ရာ၌ တာဝန်ကျေရုံလုပ်ကိုင်နေ၍မရ

အသိတရား၊ စေတနာတရားနှင့်ယှဉ်ပြီး ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာ ၁၄ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့နှင့် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့တို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၄ရက် နံနက်၁၀နာရီ ၁၅မိနစ်တွင် မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့သို့ရောက်ရှိကြပြီး အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

ဆရာ့ဂုဏ်ဒြပ်နှင့်အညီ နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်

မြန်မာ့လူ့ဘောင်၌ ပညာကိုသင်ကြားပေးသော ဆရာကို ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နှင့် တစ်ဂိုဏ်းတည်းထားပြီး အပူဇော်ခံထိုက်သည့် ပုဂ္ဂိုလ်များအဖြစ် တန်ဖိုးထားကြည်ညိုလေးစားကြသည်။

ဆရာသည် မိမိ၏ တပည့်ကျောင်းသူကျောင်းသားများကို စာပေပညာ သင်ကြားပေးရုံမျှမက လိမ္မာရေးခြားရှိပြီး လူ့လောကတွင် အောင်မြင်တိုးတက်သည်အထိ လမ်းမှန်ညွှန်ပြပေးသူလည်း ဖြစ်သည်။ ဆရာတို့ လိုက်နာအပ်သော ကျင့်ဝတ်သည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ တည်တံ့ခိုင်မြဲနေဆဲပင် ဖြစ်သည်။

ကောင်းမြတ်သည့် ယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ဆရာ့ ဂုဏ်ဒြပ်၊ ဆရာ့ကျင့်ဝတ်တို့ ပိုမိုတိုးတက်ခိုင်ခံ့ပြီး ဆရာတို့၏ဘဝသာယာချမ်းမြေ့စေရေး၊ ဆရာတို့၏ အခွင့်အလမ်းများ တိုးတက် ဖြစ်ထွန်းစေရေး၊ ဆရာ့အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဆရာအတတ်ပညာ အရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာနှင့် လက်မှတ်သင်တန်းများ၊ ပညာရေးဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးပြီး လုပ်ငန်းခွင် ဆရာဆရာမများအတွက်လည်း ဆရာအတတ်သင်လက်မှတ်နှင့် ပညာရေးဘွဲ့ သင်တန်းများ၊ မဟာပညာရေးဘွဲ့နှင့် မဟာဒသနပညာရေးဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

အမျိုးသားပညာရည် မြင့်မားရေးအတွက် ဆရာဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ကျောင်းသူကျောင်းသားများ ဥပဒေစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လေးစားလိုက်နာတတ်စေရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က ဆရာအတတ်ပညာ အရည်အသွေး တိုးတက်မြင့်မားရေးနှင့် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဆရာများ၏ တက်ကြွသော ဦးဆောင်ပါဝင်ဆောင်ရွက်နိုင်မှုစွမ်းအားဖြင့် မြှင့်တင်ပေးနိုင်မည့် အစီအမံများကို အားပေးဆောင်ရွက်လျက်ရှိသည်။

ဆရာ၊ ဆရာမများသည် လူ့အဖွဲ့အစည်း၏ မွန်မြတ်သော ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် ဆရာ့ဂုဏ်ဒြပ်နှင့်အညီ အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ပေးရေးလုပ်ငန်းများတွင်လည်း ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးပိုလ်ချုပ်သာအေး ဆားလင်းကြီးရေလှောင်တမံ စစ်ဆေး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ မြောက်ယမားချောင်းတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးသည် ဖောင်းကတာရေလှောင်တမံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ ရေလှောင်တမံဧည့်ခန်းမဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်က ဖောင်းကတာ ရေလှောင်တမံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး မုံရွာခရိုင် စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးကျော်ဆန်းက မိုးစပါးစိုက်ပျိုးမှုနှင့် စိုက်ပျိုးရေး လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ရေလှောင်တမံရှိ ရေဝင်၊ ရေထွက် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဆားလင်းကြီးရေလှောင်တမံသို့ သွားရောက်၍ ရေလှောင်တမံအတွင်း ရေသိုလှောင်မှုနှင့် ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဆက်လက်၍ တိုင်းမှူးသည် ငွေသာဆည်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် ဆားလင်းကြီးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဟန်း ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ကထိန်လျာသင်္ကန်း ကပ်လှူပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ (၂၁)ကြိမ်မြောက် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ဆက်ကပ်

ရှေးဦးစွာ ကထိန်အလှူခံ ရရှိတော်မူသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် နန္ဒာအောင်မြေကျောင်း ပဓာနနာယက ဆရာတော် ဦးနိမလထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်နှင့်ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင်တို့က ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ရေစက်သွန်းချ

ထို့နောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က ကထိန်သင်္ကန်း ကပ်လှူရခြင်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားပြီး ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဥယျာဉ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးနန္ဒာစရိယထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၇-၁၀-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၂၀	၃။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်သံကြား ဇာတ်လမ်း **“လွမ်းမပြေ”** (အပိုင်း-၉)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နောက်ဆုံးပစ်မှတ်”** (အပိုင်း-၁)

ရွှေဂူလေးမဟာပဒုမစာသင်တိုက် ကထိန်အလှူ

ရန်ကုန် အောက်တိုဘာ ၁၆

ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော ပဲခူးမြို့ ကလျာဏီရပ်ကွက် ရွှေဂူလေးမဟာပဒုမစာသင်တိုက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းအမှတ် (၁၂) စာချ၊ စာသင်သံဃာတော် အပါး၁၅၀ကျော် ပင့်သံဃာအပါး ၁၀၀ ကျော်နှင့် သာသနာ့နွယ်ဝင် သီလရှင် ၂၉ ပါးတို့အား ကထိန်သင်္ကန်း၊ ကထိန် ဆွမ်းများ ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ခု တန်ဆောင်မုန်းလဆန်း ၂ရက်) အောက်တိုဘာ ၂၂ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ အလုံ မြို့နယ် အောက်ကြည့်မြင်တိုင် လမ်း ပထမသီရိရိပ်သာ အမှတ်-၁၆၂/ခ နေ ကွယ်လွန်သူ မိဘများနှင့် ဇနီးတို့အား ရည်စူး၍ ဒေါက်တာ ဦးထွန်းရင်နှင့် သားသမီးများက ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်နှင့် ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်းတစ်သောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူလူထုကို ခုတုံးလုပ်၍အမြတ်ထုတ်နေသော ပြည်ပအားကိုး အဆိုးမြင် အဖျက်လုပ်ရပ်

လွန်ခဲ့သောသုံးရက်ခန့်က ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာမှ အဘတင်နှင့် အဘမောင်တို့နှစ်ဦး စာရေးသူတို့အိမ်ကို ရောက်လာခဲ့ပါသည်။ သူတို့ရွာမှာ ရန်ကုန်၊ ဒလနှင့် ၁၅ မိုင်ခန့်ဝေးသော ရန်ကုန်-ဒလ-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ ကားလမ်းမကြီးဘေးတွင်ရှိသော ရွာကြီးတစ်ရွာ ဖြစ်သည်။ အဘတင်နှင့် အဘမောင်တို့ဟာ ငယ်စဉ်က အလယ်တန်းပညာအထိ သင်ကြားဖူးကြပြီး သူတို့ရွာတွင် ရပ်မိရပ်ဖများလည်း ဖြစ်ပါသည်။ ဥယျာဉ်ခြံလုပ်ငန်းဖြင့် အသက်မွေးသော အဘတင်နှင့် အဘမောင်တို့သည် အရွယ်ရလာသော်လည်း သွားလာမှု လွယ်ကူသော ရန်ကုန်မြို့သို့ မကြာခဏရောက်လာလေ့ရှိသည်။ စာရေးသူတို့ မိသားစုနှင့် ခင်မင်ရင်းနှီးခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။ အဘတင်၏ အမည်မှာ ဦးမောင်တင်၊ အဘမောင်၏ အမည်မှာ ဦးမောင်မောင်ဖြစ်ပါသည်။

ယခုတစ်ခေါက် သူတို့နှစ်ယောက် စာရေးသူတို့အိမ်သို့ ရောက်လာခြင်းမှာ အလည်သက်သက်မဟုတ်ပါ၊ တစ်စုံတစ်ခုကို ရင်ဖွင့်ဆွေးနွေးလို၍ ရောက်လာခြင်းဖြစ်သည်။

အိမ်သို့ရောက်သည်ဆိုလျှင်ပဲ မဆိုင်းမတွ အဘမောင်က ယခုကဲ့သို့ ရင်ဖွင့်ဆွေးနွေးပါတော့သည်။

"အင်္ဂလိပ်လို အောက်တိုဘာလ ၁၀ ရက်မှ ၁၈ ရက်အထိ အင်္ကျီအဖြူတွေ ဝတ်ရမယ်ဆိုပြီး ရွာမှာပြောနေကြတယ်။ ဘီဘီစီ၊ ဗွီအိုအေ သတင်းမှာ ပါတယ်လို့ပြောကြတယ်။ ရွာမှာရှိနေတဲ့ NLD အဖွဲ့ဝင်တစ်ယောက်ကလည်း အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒေါ်စုကြည်နဲ့ ၈၈ မျိုးဆက်တွေ၊ နိုင်ငံရေးသမားတွေအားလုံး လွတ်မြောက်ရေးအတွက် အဖြူရောင်ဖော်ပြမှုနဲ့ ဆန္ဒပြရမယ်။ ဒီတောင်းဆိုချက်ကို ၈၈ မျိုးဆက်ကျောင်းသားဆိုလား၊ ဘာလား သူတို့က ရှေ့ဆောင်နေတယ်လို့ပြောတယ်။ သူတို့တောင်းဆိုချက်ကို ထောက်ခံရင် အပေါ်ပိုင်းအဖြူရောင်အင်္ကျီဝတ်ကြဖို့ တောင်းဆိုတယ်လို့ သိရတယ်။ ဒီလုပ်ရပ်ဟာ ပြည်သူကို ခုတုံးလုပ်ပြီး အမြတ်ထုတ်တဲ့ လုပ်ရပ်ပဲ။ ပြည်ပနဲ့ချိတ်ဆက်ပြီး ပြည်တွင်းဆူပူအောင်ဖန်တီးတဲ့ ပြည်ပအားကိုး အဆိုးမြင်လုပ်ရပ်ပဲ၊ ရှုပ်ရှုပ်ရှက်ရှက်နဲ့ ဒီကိစ္စတွေဟာ အဘတို့ ပြည်သူတွေနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ လူတစ်စုအမှု ရွာပတ်ဆိုသလို လူလည်ကျတာပဲ၊ ဒီကနေ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမှုနဲ့ အသေးစိတ်အခြေခံရမည့်မှုတွေ ချမှတ်ရေးဆွဲဖို့အတွက် အမျိုးသားညီလာခံကြီး ကျင်းပနေတယ်။ အဲဒီမှာ တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ်အသီးသီး ပါဝင်တက်ရောက်ပြီး အမျိုးသားရေးတာဝန်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲထမ်းဆောင်နေကြတယ်။ အစိုးရဆိုတာ အပြစ်ရှိတဲ့လူတွေ ဥပဒေဖောက်ဖျက်တဲ့ လူတွေကို အရေးယူမှာပေါ့။ နိုင်ငံတကာမှာရှိတဲ့ အစိုးရတွေလဲ ဒီအတိုင်းပဲ ဆောင်ရွက်နေတယ် မဟုတ်လား။

"၈၈ မျိုးဆက် ကျောင်းသားဆိုတာတွေကကော ကျောင်းသားတွေ ဟုတ်သေးရဲ့လား၊ အသက် ၄၀ ကျော် ၅၀ နီးပါး အရွယ်တွေရောက်နေပြီဆိုတော့ သူတို့ဟာ ဘယ်လိုမှ ကျောင်းသားမဖြစ်နိုင်တော့ပါဘူး။ အဲဒီလိုသာ တက္ကသိုလ်ကျောင်းနေခဲ့ဖူးသူတိုင်းကို ကျောင်းသားလို့ ခေါ်နေမယ်ဆိုရင်၊ ကျောင်းသားခေါင်းဆောင်လို့ ခေါ်နေမယ်ဆိုရင် အဘတို့ရွာမှာလည်း အဲဒီလိုကျောင်းသားမျိုး အများကြီးရှိပါတယ်။ အချို့က အစိုးရဝန်ထမ်းလုပ်တယ်။ အချို့က ခြံစိုက်ပျိုးတယ်။ အချို့က တပ်မတော်မှာ အမှုထမ်းတယ်။ အချို့က ရဲတပ်ဖွဲ့မှာ အမှုထမ်းတယ်။ အချို့က အရောင်းအဝယ်လုပ်ကြတယ်။ သူတို့တွေကိုပါ ကျောင်းသားလို့ ခေါ်ရမလိုဖြစ်နေတယ်။ အဲဒါကြောင့် အခုလို အနောက်သတင်းဌာနတွေက ပြောနေတဲ့ ၈၈ မျိုးဆက် ကျောင်းသားဆိုသူတွေ၊ ကျောင်းသားခေါင်းဆောင်ဆိုသူတွေဟာ တကယ်ကျောင်းသားမဟုတ်ပါဘူး၊ ကျောင်းသား အရေခြုံထားသူတွေသာ ဖြစ်နေတယ်။ ပြည်သူတွေ စိတ်ဝင်စားလာအောင် ကျောင်းသားဆိုတဲ့ စကားနဲ့ လှည့်စားပြောနေတယ်လို့ အဘ ထင်တယ်။"

အဘမောင်၏ စကားအဆုံးတွင် အဘတင်က ဤသို့ ဆက်ပြန်ပါသည်။

"ဒီကျောင်းသားအမည်ခံတွေက သူတို့ တောင်းဆိုချက်ကို ထောက်ခံရင် အပေါ်ပိုင်းအဖြူရောင်ဝတ်ကြပါဆိုတာဟာ ပြည်သူတွေအပေါ် လူပေါ်လူဇော်လုပ်နည်း တစ်မျိုးပဲ။ ဝန်ကြီးချုပ်ဟောင်း ဦးနုဘာသာပြန်ထုတ်ဝေတဲ့ လူပေါ်လူဇော်လုပ်နည်းဆိုတဲ့ စာအုပ်တွေများဖတ်ပြီး လုပ်နေကြသလား မသိပါဘူးဗျာ။ ဘာနဲ့တူသလဲဆိုရင် ကျုပ်တို့ကို ထောက်ခံရင် ထမင်းစားပြီး ရေသောက်ပြပါဆိုတဲ့ လူပေါ်တွေစကားနဲ့ တူနေတယ်။ အင်္ကျီဖြူဆိုတာ အဘတို့လို သက်ကြီးပိုင်းတွေလည်း ဝတ်တာပဲ။ ကျောင်းသူ ကျောင်းသားတွေ၊ ဆရာ ဆရာမတွေလည်း အပေါ်အဖြူ၊ အောက်အစိမ်း ဝတ်စုံတွေဝတ်ကြတယ်။ ယာဉ်ထိန်းရဲတွေလည်း အဖြူဝတ်ကြတယ်။ ဥပါသကာ အလှူခံတွေလဲ အဖြူဝတ်ကြတယ်။ အခြားသော အစိုးရဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေနဲ့ ပြည်သူတွေလဲ အဖြူဝတ်နေကြတယ်။ အဖြူရောင်ဝတ်တိုင်း သူတို့ ထောက်ခံသူဖြစ်ရမယ်ဆိုရင်တော့ ယောကျ်ားမှန်ရင် ငါအဖေချည်းပဲဆိုသလို ဖြစ်နေလိမ့်မယ်။ အဲဒီလို ဟိုအုပ်စု၊ ဒီအုပ်စုတွေက လူထုကို ခုတုံးလုပ်ပြီး အပြိုင်အဆိုင်အုပ်စုဖွဲ့ အမြတ်ထုတ်လာကြရင် ပြည်တွင်းမှာ ဆူပူမှုတွေတောင် ဖြစ်လာနိုင်တယ်။ ပြည်သူတွေရဲ့ လွတ်လပ်မှုတွေကိုလည်း ထိခိုက်လာနိုင်တယ်။ ဒါမျိုးကို ခွင့်မပြုသင့်ဘူးလို့ အဘထင်တယ်။ ဂျပန်နိုင်ငံ ဆန္ဒပြပွဲတစ်ခုမှာ လူအုပ်တက်နင်းမိလို့ သေဆုံးသွားတဲ့ ပါမောက္ခရဲ့သမီး အလောင်းကိုထမ်းပြီး အစိုးရဘက်က ရိုက်လို့သေပါတယ်လို့ ဆန္ဒပြလှုံ့ဆော်တဲ့အတွက် အစိုးရတစ်ဖွဲ့လုံး ပြုတ်ကျဖူးတယ်လို့ အဘဖတ်ဖူးတယ်။ လူသေကိုတောင် ခုတုံးလုပ်ပြီး ကိုယ်ကျိုးအတွက် အမြတ်ထုတ်တဲ့ နိုင်ငံရေးသမားတွေ ရှိတယ်။"

ဓအောင်မိုးစံ

အဘမောင်။ ။ဟုတ်ပါတယ်၊ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်ကို အဘတို့ မီခဲ့ကြတယ်။ အဲဒီတုန်းက တည်မြဲဖဆပလ၊ သန့်ရှင်းဖဆပလဆိုပြီး နှစ်ခြမ်းကွဲတယ်။ တည်မြဲဖဆပလ မဲပုံးအရောင်က အနီ၊ သန့်ရှင်းဖဆပလ မဲပုံးအရောင်က အဝါ၊ တည်မြဲထောက်ခံရင် အနီဝတ်ပါ၊ သန့်ရှင်းထောက်ခံရင် အဝါဝတ်ပါနဲ့ မြို့တွေမှာ အပြိုင်အဆိုင် နိုင်ငံရေးအမြတ်ထုတ်ကြရင်း အချင်းချင်းသတ်ကြဖြတ်ကြတောင် ဖြစ်ကြတယ်။ ဒါတွေဟာလဲ လူထုကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်မှုတွေပဲ။ အဲဒီလို ဒီမိုကရေစီဆိုတာကို လုပ်ချင်သလို လုပ်ခွင့်ရှိတယ်လို့ လိုရာဆွဲပြီး တလွဲဆံပင်ကောင်းကြလို့ ပြိုင်ဆိုင်တိုက်ခိုက် သတ်ဖြတ်မှုတွေ ပေါ်ပေါက်လာတဲ့အတွက် ထိန်းမနိုင်၊ သိမ်းမရဖြစ်လာပြီး တပ်မတော်ကို အိမ်စောင့်အစိုးရအဖြစ် လွှဲပေးခဲ့ရတယ်။ ဒါတင် မကပါဘူး။ ပထစအစိုးရ တက်လာပြန်တော့လည်း ဖက်ဒရယ်မူကြောင့် ပြည်နယ်ခွဲထွက်ရေးတောင်းဆိုပြီး ပြည်ထောင်စုကြီးပြိုကွဲတော့မယ့် အခြေအနေမှာ တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရတယ်။

"နောက်ဆုံး ၁၉၈၈ ခုနှစ် အရေးအခင်းမှာ သူတစ်လူ ငါတစ်မင်းနဲ့ မင်းမဲ့စရိုက်ဆိုးတွေ လွှမ်းမိုးလာပြီး တိုင်းပျက်ပြည်ပျက်ဘဝကို ရောက်ခဲ့တယ်။ ပြည်သူတွေ ကျီးလန့်စာစားဘဝကိုရောက်ပြီး နိုင်ငံတော်အခြေအနေက စိုးရိမ်ဖွယ်ရာအနေအထားရောက်လာတဲ့အတွက် တပ်မတော်က မလွှဲမရှောင်သာ နိုင်ငံတော်တာဝန်ကို ဝင်ရောက် ထမ်းဆောင်လာခဲ့ရပြန်တယ်။ ဒါတွေကြောင့် ဒီကနေ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မယ်လို့ ပြောနေတာတွေကို အဘ အခုမှ ကောင်းကောင်းကြီး သဘောပေါက်လာတယ်။"

စာရေးသူက အဘတင်နှင့် အဘမောင်တို့နှစ်ဦး အားရပါးရ ရင်ဖွင့်ပြောဆိုနေမှုမှ ခေတ္တအနားရအောင် ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ဖြင့် ကြားဖြတ် ဧည့်ဝတ်ပြုခဲ့ပါသည်။ ၎င်းနောက် ဒီမိုကရေစီကျင့်စဉ်နှင့်ပတ်သက်၍ သုတေသီအချို့၏ အဆိုကို စာရေးသူက ယခုကဲ့သို့ ရှင်းပြခဲ့ပါသည်-

"ဒီမိုကရေစီကျင့်စဉ်ဟာ အလွန်သန့်ရှင်းတယ်။ သိမ်မွေ့တယ်။ ဒီကျင့်စဉ်ကို ထက်ကြပ်မကွာလိုက်နာဖို့ထက် ဖောက်ဖျက်ဖို့က လွယ်ကူတယ်။ ဒီမိုကရေစီဗန်းပြပြီး ဖောက်ပြန်သူတွေကား မြားမြောင်လှတယ်။ လူထုအတွက်၊ လူထုအကျိုးဆိုပြီး လူထုကို ခုတုံးလုပ်ခဲ့သူတွေလဲ မရေမတွက်နိုင်အောင် ပေါများလှတယ်။ ဒါ့အပြင် ဒီမိုကရေစီကျင့်စဉ်နဲ့ ရွေးကောက်ပွဲဟာ ဘယ်လိုသက်ဆိုင်တယ်။ ရွေးကောက်ပွဲတွင် မဲပေးခြင်းဟာ လူထုအတွက် အကျိုးပျက်စေနိုင်သလို၊ အကျိုးလည်း ရှိစေနိုင်တယ် ဆိုတာကို လူထုက အလေးဂရုထားမှု အလွန်နည်းလှသေးတယ်" လို့ နိုင်ငံရေးသုတေသီတွေက ဆိုပါတယ်။

"ကမ္ဘာတစ်ဝန်းမှာ နိုင်ငံရေးခေါင်းဆောင် အတုအယောင်တွေဟာ များသောအားဖြင့် အုပ်ချုပ်ရေးအာဏာမရမီ တရားမျှတရေး၊ တန်းတူညီမျှရေး၊ လူထုကောင်းစားရေး၊ ရေးတစ်ရာ့ခြောက်ဆယ် သောသောကြွယ်အောင် မစားရဝခမန်း ဟောပြောခဲ့ကြတယ်။ သူတို့အာဏာရပြီးနောက်မှာတော့ ငါ့ပါတီ၊ ငါ့အဖွဲ့၊ ငါ့ဆွေမျိုး၊ ငါ့လူဆိုတဲ့ 'ငို့ဘ' သဘောကိုသာ စနစ်တကျ လက်တွေ့ကျင့်သုံးခဲ့ကြသည်မှာ ကမ္ဘာ့သမိုင်းတွင် အထင်အရှားဖြစ်တယ်။ ဒီလိုဖြစ်ရတာဟာ လူထုတွေ အတွေ့အကြုံနည်းပါးသေးမှု၊ အသိအလိမ္မာနည်းပါးသေးမှုတို့ကြောင့် ဖြစ်ရတယ်"လို့ နိုင်ငံရေးသုတေသီတို့က ဆိုပါတယ်။

အဘတင်။ ။"မှန်ပါတယ်။ အဘတို့နိုင်ငံမှာ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေတာကို အဘတို့ အပြည့်အဝ သဘောကျပါတယ်။ ဒီအပေါ် ဆန့်ကျင်ပြီး အာဏာကို ဖြတ်လမ်းက ရလိုသူတွေ၊ ပြည်ပအားကိုးပြီး အဆိုးမြင်သက်သက် ဆန့်ကျင်နေသူတွေရှိနေတယ်။ 'စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏'ဆိုတဲ့ ဒေသနာတော်အတိုင်း သူတို့တွေဟာ အလွယ်လမ်းကို လိုက်ကြတယ်။ ဖြတ်လမ်းနည်းကို သုံးကြတယ်။ ကိုယ်ကျိုးအတ္တ ရှေ့တန်းတင်လာကြတယ်။ ဒါပေမယ့် ဒီလူစားတွေဟာ သူတို့ကိုယ်သူတို့ လူစွမ်းကောင်းတွေ၊ ကယ်တင်ရှင် ရှေ့ဆောင်လမ်းပြကြီးတွေ၊ ကိုယ်ကျိုးစွန့်ပြီး ဒီမိုကရေစီရေး ဆောင်ရွက်နေသူတွေဆိုပြီး အတ္တစွဲများယွင်းစွာ ယုံကြည်နေကြတယ်။ အဲဒီလို အထင်မှား၊ အမြင်မှား ယုံကြည်မှုဆိုတာတွေကို ဗုဒ္ဓရဲ့ကျမ်းဂန်မှာ ဝိပ္ပလ္လာသလို့ ဖော်ပြထားတယ်။ အခုလည်း **ကျောင်းသား အရေခြုံသူတွေဟာ သူတို့ကိုယ် သူတို့ ကျောင်းသားတွေ၊ ကျောင်းသားခေါင်းဆောင်တွေလို့ ထင်မှတ်နေတယ်။ အမျိုးသားသင့်မြတ်စည်းလုံးရေး ကြိုးပမ်းနေသူတွေလို့ ကြွေးကြော်နေကြတယ်။ တကယ်တော့ ဒီလုပ်ရပ်တွေဟာ လူထုကိုခုတုံးလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်နေတဲ့ ပြည်ပအားကိုး အဆိုးမြင် အဖျက်လုပ်ရပ်တွေသာ ဖြစ်တယ်။ အလားတူပါပဲ NLD ကလည်း အများပြည်သူကောင်းစားဖို့၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့ မစဉ်းစားဘူး။ လူပုဂ္ဂိုလ် ကိုးကွယ်ရေး၊ ပြည်ပအားကိုးနဲ့ အာဏာကို ဖြတ်လမ်းကရရေးကိုသာ ကြိုးပမ်းနေတာ ဖြစ်တယ်။ ဒါကြောင့် အမျိုးသားရေးအဖျက်လုပ်ရပ် အတွန့်ဖွက်က ရန်မထွက်နိုင်အောင် ဖြစ်နေတယ်။"**

ဤသို့ဤနှယ် အမြင်ချင်းဖလှယ်ခဲ့ကြသော အဘတင်နှင့် အဘမောင်တို့၏ ရင်ဖွင့်စကားဝိုင်းကို အများပြည်သူများသိရှိနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျောင်းသားအရေခြုံသူတွေဟာ သူတို့ကိုယ်သူတို့ ကျောင်းသားတွေ၊ ကျောင်းသားခေါင်းဆောင်တွေလို့ ထင်မှတ်နေ၊ အမျိုးသားသင့်မြတ်စည်းလုံးရေး ကြိုးပမ်းနေသူတွေလို့ ကြွေးကြော်နေကြ၊ တကယ်တော့ ဒီလုပ်ရပ်တွေဟာ လူထုကို ခုတုံးလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်နေတဲ့ ပြည်ပအားကိုး အဆိုးမြင် အဖျက်လုပ်ရပ်တွေသာဖြစ်။ အလားတူပါပဲ NLD ကလည်း အများပြည်သူကောင်းစားဖို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းဖို့ မစဉ်းစားဘူး၊ လူပုဂ္ဂိုလ်ကိုးကွယ်ရေး၊ ပြည်ပအားကိုးနဲ့ အာဏာကို ဖြတ်လမ်းကရရေးကိုသာ ကြိုးပမ်းနေတာဖြစ်၊ ဒါကြောင့် အမျိုးသားရေး အဖျက်လုပ်ရပ် အတွန့်ဖွက်က ရန်မထွက် နိုင်အောင်ဖြစ်နေ။

ကမ္ဘာ့ပဉ္စမအကြီးဆုံး ရွှေနှင့်ကြေးသတ္တုသိုက်ကြီး ပါကစ္စတန်အနောက်တောင်ပိုင်း၌ တွေ့ရှိ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၆

ကမ္ဘာ့ပဉ္စမအကြီးဆုံး ရွှေနှင့်ကြေးဝါသတ္တုသိုက်ကြီးကို ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ချာဂီဒေသ၌တွေ့ရှိခဲ့ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က အောက်တိုဘာ ၁၂ ရက်က ရေးသားဖော်ပြသည်။

ကနေဒါနှင့် ချီလီနိုင်ငံမှ ကုမ္ပဏီနှစ်ခုအား ဘီကိုဒစ်ဒေသ၌ ရွှေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရန် ၁၀နှစ် လိုင်စင်ထုတ်ပေးထားကြောင်း၊ ယင်းတို့သည် ရွှေနှင့်ကြေးဝါရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုထားကြောင်း ဓာတ်သတ္တု တူးဖော်ရေးပြည်နယ်ညွှန်ကြားရေးမှူးချုပ် မက်ဘောအာမက်က ပြောကြားသည်။

ယင်းကုမ္ပဏီနှစ်ခုသည် မြေစမ်းခရမ်းပျိုးသည့်အနေဖြင့် အဆိုပါလုပ်ငန်းကိုလုပ်ကိုင်ရန်အမေရိကန်ဒေါ်လာတစ်ဘီလီယံ ရင်းနှီးမြှုပ်နှံလိမ့်မည်ဖြစ်ကြောင်း အာမက်က ပြောကြားသည်။

ထုတ်လုပ်နိုင်မည်

ညွှန်ကြားရေးမှူးချုပ် အာမက်၏ အဆိုအရ ယင်းသတ္တုသိုက်မှ နှစ်စဉ်ကြေးဝါတန်ချိန် ၂၀၀၀၀၀ နှင့် ရွှေအောင်စ ၄၀၀၀၀၀ ထုတ်လုပ်နိုင်လိမ့်မည်ဟုဆိုသည်။

အလုပ်အကိုင်ပေးနိုင်

ဘလူချီစတန်ပြည်နယ် အစိုးရအနေဖြင့် ယင်းလုပ်ငန်းမှ ရှယ်ယာ ၂၅ ရာခိုင်နှုန်းပိုင်ဆိုင်မည့်အပြင် လူငယ်အလုပ်သမား ၃၀၀၀အား လည်း အလုပ်အကိုင်များ ပေးနိုင်လိမ့်မည်ဖြစ်ကြောင်းသိရသည်။**အမ်အင်အေ၊ဆင်ဟွာ**

ပြည်ပသို့ ခိုးထုတ်မည့် ကြယ်လိပ်၄၄၇ကောင်အား အိန္ဒိယ၌ ဖမ်းဆီးမိ

ဘန်ဂလို အောက်တိုဘာ ၁၆

အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ ဘန်ဂလို အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပြည်ပသို့ ခိုးထုတ်မည့် ကြယ်လိပ် ၄၄၇ကောင်အား အကောက်ခွန် ဝန်ထမ်းများက အောက်တိုဘာ ၁၄ ရက်တွင် ဖမ်းဆီးရရှိခဲ့သည်။ **(ဓါတ်ပုံ)**

ယင်းကြယ်လိပ်များမှာ ၁၀ ဂရမ်မှ ဂရမ် ၃၅၀ အကြား အလေးချိန်အမျိုးမျိုးရှိပြီး အိန္ဒိယ ရူပီးငွေ ၆၇၀၀၀၀၀ခန့် တန်ဖိုးရှိကြောင်း၊မလေးရှားနိုင်ငံသို့တရားမဝင်တင်ပို့ရန် လုပ်ဆောင်နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

ထိုင်းဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန် ပြည်ပခရီးစဉ် စတင်ထွက်ခွာ

ဖနောင်ပင် အောက်တိုဘာ ၁၆

ထိုင်းဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်သည် အောက်တိုဘာ ၁၅ရက်က ဖနောင်ပင်မြို့သို့ ရောက်ရှိလာသည်။

တစ်ရက်ကြာခရီးအဖြစ် လာရောက်စဉ်အတွင်း အဆိုပါဝန်ကြီးချုပ်သည်ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်နှင့်တွေ့ဆုံခဲ့သည်။

ဝန်ကြီးချုပ်ချူလာနွန်သည်အောက်တိုဘာ ၁၄ ရက်က လာအိုနိုင်ငံသို့ သွားရောက်ကာ ၎င်း၏ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ၎င်းသည် အောက်တိုဘာ ၁ ရက်က ထိုင်းဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးနောက် ပထမဆုံးသော ပြည်ပခရီး စတင်ထွက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မြစ်ကျဉ်းသုံးသွယ် ရေလှောင်တမံအနီး ကုန်တင်သင်္ဘောနှစ်စင်းတိုက်မိ

ပေကျင်း အောက်တိုဘာ ၁၆

တရုတ်နိုင်ငံ မြစ်ကျဉ်းသုံးသွယ် ရေလှောင်တမံအနီးတွင် အောက်တိုဘာ ၁၃ရက်ညပိုင်းက ကုန်တင်သင်္ဘောနှစ်စင်း တိုက်မိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တိုက်မိ

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘိုင်ပြည်နယ် ကျူးဇီကိုမြို့အနီး မြစ်ကျဉ်းသုံးသွယ် ရေလှောင်တမံမှ ခုနစ်ကီလိုမီတာအကွာတွင် ည ၁၀ နာရီ ၃၅ မိနစ်ခန့်က သင်္ဘောနှစ်စင်း တိုက်မိခဲ့ခြင်းဖြစ်ကြောင်း မြစ်ကျဉ်းသုံးသွယ် ရေကြောင်းသွားလာရေးစီမံခန့်ခွဲရေးရုံးက ပြောကြားသည်။

သင်္ဘောနှစ်စင်း တိုက်မိပြီးနောက် သင်္ဘောတစ်စင်းမှာ ချက်ချင်း တိမ်းမှောက်သွားခဲ့သည်။ ကယ်ဆယ်ရေးသင်္ဘောနှစ်စင်းအား ဖြန့်ကြက်ချထားပြီး ငါးဖမ်းလှေများနှင့်အတူ ပျောက်ဆုံးသွားသော သင်္ဘောသားများအား ရှာဖွေရေးများ ပြုလုပ်ခဲ့သည်။

သင်္ဘောသား၁၀ဦးအား အောက်တိုဘာ၁၄ရက် နံနက်ပိုင်းတွင် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး အစားအစာ၊ အဝတ်အထည်နှင့်လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့သည်။

ကယ်ဆယ်

ယခုအချိန်အထိသင်္ဘောသား မည်မျှပျောက်ဆုံးနေသည်ကို မသိရှိရသေးကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဟောင်ကောင်လေဆိပ် အကောင်းဆုံးလေဆိပ်ဆု ဆွတ်ခူး

ဟောင်ကောင် အောက်တိုဘာ ၁၆

ဟောင်ကောင် နိုင်ငံတကာလေဆိပ်သည် ခရီးသွားလုပ်ငန်း ကုန်သွယ်ရေးဂေးဇက်တီ(တီတီဂျီ)၏ အကောင်းဆုံးလေဆိပ်ဆုကို လေးကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့ကြောင်း ယင်းလေဆိပ်မှထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ (အပေါ်ပုံ)

ယင်းလေဆိပ်သည် အကောင်းဆုံး အသုံးအဆောင် ပစ္စည်းများဖြင့် ဝန်ဆောင်ပေးမှု၊ ရင်းနှီးချစ်ကြည်စွာ ဆက်ဆံရေး ကောင်းမွန်မှု၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများ၏ အချိန်တိုကာလအတွင်း ကျွမ်းကျင်မှုဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်မှု၊ ခရီးဆောင်အိတ်များ တောင်းယူရာတွင် လွယ်ကူမြန်ဆန်မှု၊ အထပ်တိုင်းတွင် အကောင်းဆုံး ပြင်ဆင်ထားမှုနှင့် လေဆိပ်အဝင်အထွက် လျင်မြန်စွာဆောင်ရွက်နိုင်မှုများကြောင့် တီတီဂျီ၏ အကောင်းဆုံးဆုရရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘေရွတ်ကုလဌာနချုပ်ရုံးအနီး ဒုံးပစ်လောင်ချာဖြင့်ပစ်ခတ်

ဘေရွတ် အောက်တိုဘာ ၁၆

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်အနီးရှိ အဆောက်အအုံတစ်ခုသည် အောက်တိုဘာ ၁၅ ရက်က ဒုံးပစ်လောင်ချာဖြင့် နှစ်ကြိမ်အပစ်ခံရကြောင်း၊ လူလေးဦးအနည်းငယ်စီဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထိမှန်

အဆိုပါ ပစ်ခတ်မှုများသည် ဘေရွတ်မြို့လယ်ရှိ တောင်ကုန်းငယ်တစ်ခုပေါ်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂရုံး၏ အနီးရှိ နေအိမ်တစ်လုံး ထိမှန်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

သို့သော်လည်း ယင်းပစ်ခတ်မှုမှာ နံနက်အစောပိုင်းအချိန်တွင် ပစ်ခတ်ခဲ့၍ မည်သူမည်ဝါ၏ ပစ်ခတ်မှုဖြစ်နိုင်သည်ကို ချက်ချင်းမသိရဟု ဆိုသည်။

ရဲတပ်ဖွဲ့ဝင်နှင့် စစ်သားများသည် အခင်းဖြစ်ပွားရာအနီးရှိ လမ်းများပေါ်တွင် ရှာဖွေစစ်ဆေးစုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်၏ ဂွမ်တာနာမို အကျဉ်းစခန်း လက်ခံနိုင်စရာမရှိဟု ဗြိတိန်ဝန်ကြီး ဝေဖန်

လန်ဒန် အောက်တိုဘာ ၁၆

ဂွမ်တာနာမိုရှိ အမေရိကန်အကျဉ်းစခန်းမှာ လူ့အခွင့်အရေး ရှုထောင့်မှကြည့်လျှင် လက်မခံနိုင်စရာဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မာဂရက်ဘက်ကက်က ပြောကြားကာ အမေရိကန်နိုင်ငံအား အောက်တိုဘာ၁၂ရက်က ဝေဖန်လိုက်သည်။

အကျဉ်းသားများအား တရားမျှတစွာ စစ်ဆေးခြင်းမပြုဘဲ ဆက်လက်ချုပ်နှောင်ထားခြင်းမှာ လက်ခံနိုင်စရာ မရှိကြောင်း၊ ထိုမျှမက ထိုသို့ချုပ်နှောင်ထားခြင်းကြောင့်အကြမ်းဖက်မှုတန်ပြန်ရေးအတွက်လည်းထိရောက်မည်မဟုတ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မီးစ်ဘက်ကက်က ပြောဆိုသည်။

တိုက်တွန်း

ကမ္ဘာတစ်ဝန်း လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ ဗြိတိန်နိုင်ငံ၏ နှစ်ပတ်လည်အစီရင်ခံစာကို ဆွေးနွေးစဉ် နိုင်ငံခြားရေးဝန်ကြီး မီးစ်ဘက်ကက်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဂွမ်တာနာမို အကျဉ်းစခန်းပိတ်ပစ်ရန်လည်း ဗြိတိန် အစီရင်ခံစာ၌ တိုက်တွန်းထားသည်။

အမေရိကန် နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မက်ကောမက်က နေ့စဉ် သတင်းစာရှင်းလင်းပွဲ၌ ယင်းကိစ္စကို တုံ့ပြန်ပြောဆိုရာတွင် ဂွမ်တာနာမို အကျဉ်စခန်းပိတ်ရေးကို အမေရိကန်အစိုးရက စဉ်းစားနေကြောင်း၊ သို့သော် အကြမ်းဖက်သမားအဖြစ် မသင်္ကာသူများကို ဖမ်းဆီးထားရန် အရေးကြီးကြောင်းထည့်သွင်းပြောကြားလိုက်သည်။

ဝေဖန်ခံရ

ဂွမ်တာနာမို အကျဉ်းစခန်း၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အမေရိကန် နိုင်ငံမှာ ဝိုင်းဝန်းဝေဖန်ခံနေရသည်။ ထိုစခန်းတွင် အယ်လ်ခိုင်ဒါနှင့် တာလီဘန် အဖွဲ့ဝင်များဟု သင်္ကာမကင်းရှိသူ ၄၅၀ခန့်ကို ချုပ်ထားသည်။ အချို့မှာ လေးနှစ်ကျော် အစစ်အဆေးမရှိ ချုပ်နှောင်ခံနေကြရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ကနေဒါနိုင်ငံ ဝန်ဆိုမြို့တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ရွှေဖရုံသီးလှေပွဲတော် ကျင်းပနေသည်ကို အောက်တိုဘာ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် ညီလာခံသဘာပတိအဖွဲ့ဝင်များလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၆

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူးဦးသောင်းညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများ၊ အမျိုးသားညီလာခံ သဘာပတိ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဖတ်ကြားတင်ပြ

အစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းနှင့် တပ်မတော်အခန်း တို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က ကောက်နုတ် စုစည်းတင်ပြသွားပြီး ဖြစ်ပါကြောင်း၊ ယင်းတင်ပြချက်များတွင် ပါရှိသည့် အကြံပြုချက်များနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးတို့၏ သဘောထားများ ရယူနိုင်ရေးအတွက် ယခုကဲ့သို့ သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးရခြင်း ဖြစ်ပါကြောင်း ပြောကြားပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြားတင်ပြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တက်ရောက်လာကြသော အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များက မရှင်းလင်းသည့်အချက်များကို ရှင်းလင်းဆွေးနွေးမေးမြန်းကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် ရတနာသုံးပါး ဦးထိပ်ထား၍ အနန္တဂိုဏ်းဝင် နှစ်ဖက်မိဘများကိုရည်စူး၍ (ဖခင်ကြီးဦးကျော်စိန်) နှစ်နှစ်ပြည့်၊ (သားမောင်မျိုးနိုင်)၁၀နှစ်ပြည့်၊ (သမီး မနှင်းဦးခိုင်)တစ်လပြည့်တို့အားရည်စူး၍ ရန်ကုန်မြို့ ကျောက်မြောင်း တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်း အမှတ်၃၉ အခန်း၄ မြေညီထပ်နေ ကျန်ရစ်သူမိခင်ကြီး ဒေါ်အမာ၊ သမီးမနှင်းအေးလွင်၊ သားမောင်သိန်းနိုင်–နှင်းဇော်ဝင်း၊ သမီး အေးအေးမြတ်–ဦးစောအက်ဒီဆင်၊ မြေးများ ရာသက်ပန်းနိုင်၊ ထက်ရဲရင့်နိုင်၊ သီအိုဒိုရာ၊ အယ်ဒီဆင်၊ မေမိုး မိသားစုက အလှူငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် မိဘများဖြစ်ကြသော ဦးအောင်ဌေး (ရွှေဆိုင်)–ဒေါ်သိန်းရီအား အမှူးထား၍ ပဲခူးမြို့ ဈေးပိုင်း မင်းလမ်းနေ ကိုမြတ်သိန်းအောင်၊ ဒေါက်တာသန့်ဇင်အောင်၊ မနွယ်နီအောင် မောင်နှမ မိသားစုက အလှူငွေကျပ်နှစ်သိန်း ငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

သံအမတ်ကြီး ဦးတင်လတ်အား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်လတ်အား မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ဒီပါဝလီနေ့ အလုပ်ပိတ်ရက်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၀၆ခုနှစ် အောက်တိုဘာ၂၁ရက်) စနေနေ့သည် ဒီပါဝလီနေ့ဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ(၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက် ဖြစ်ကြောင်း ကြေညာလိုက်သည်။ **(သတင်းစဉ်)**

တောင်ကြီးတန်ဆောင်တိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၏ ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာ ဘုရားပွဲတော်နှင့် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(အောက်တိုဘာ၃၀ရက်မှနိုဝင်ဘာ ၅ ရက်)အထိ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ နေ့၊ည မီးပုံးပျံပြိုင်ပွဲ၊ မီးပဒေသာ ထွန်းညှိပူဇော်ပွဲ၊ ကထိန်သင်္ကန်းနှင့် ပဒေသာပင် လှည့်လည်ပူဇော်ပွဲများ၊ ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ စင်တင်တေးဂီတ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ကြေညာ

ရပ်ဝေးရပ်နီးမှ ဓမ္မမိတ်ဆွေများ၊ မီးပုံးပျံပြိုင်ပွဲကို ကြည့်ရှုအားပေးလိုသူများသည် တောင်ကြီး တန်ဆောင်တိုင် ပွဲတော်သို့ ကြွရောက်နိုင်ပါရန်နှင့်ပွဲတော်ကာလတွင် ပွဲဈေးရောင်းလိုသူများသည် ဆိုင်ခန်းနေရာ ရရှိရေးအတွက် ကြိုတင်ဆက်သွယ်နိုင်ကြောင်း ပွဲတော်ကျင်းပရေး ဦးစီးကော်မတီက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

ကိုယ်ဝန်ဆောင် အမျိုးသမီးများ အဆီများသောငါးအလွန်စားလျှင် လမစေ့မီ မွေးဖွားနိုင်

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အဆီများသော ငါးများကို အလွန်အကျွံစားသုံးခြင်းဖြင့် လမစေ့မီ မွေးဖွားခြင်းများ ကြုံတွေ့ရဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားကြသည်။

မွေးဖွားနိုင်

မက်ကရယ်ငါး၊ ဆော်လမွန်ငါးနှင့် ဆားဒင်းငါးတို့သည် ပြဒါးဓာတ်ပါဝင်မှုများခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ လမစေ့မီမွေးဖွားခြင်းများ ဖြစ်လာနိုင်ကြောင်း သုတေသနသိပ္ပံပညာရှင်များက သိပ္ပံမဂ္ဂဇင်း တစ်ခုသို့ ပြောကြားသည်။

စားသုံးသင့်

အဆိုပါ သိပ္ပံပညာရှင်များက ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုသာ သတိပေးခြင်းဖြစ်ပြီး အခြားသောသူများကိုမူ ကျန်းမာရေးအရ ငါးကိုလုံလောက်ပြည့်ဝစွာ စားသုံးသင့်သည်ဟု တိုက်တွန်းထားသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် ငါးကို တစ်ပတ်နှစ်ကြိမ်ခန့်သာ စားသုံးသင့်ကြောင်း အစားအစာ အေဂျင်စီတစ်ခုက တိုက်တွန်းထားသည်။

ရှောင်ကြဉ်သင့်

ကိုယ်ဝန်ဆောင်အမျိုးသမီးများ အနေဖြင့် ငါးမန်းသား၊ ပင်လယ်ငါးကြီးသားတို့ကို ပြဒါးဓာတ်ပါဝင်မှုအလွန်များသဖြင့် ရှောင်ကြဉ်သင့်သည်ဟုဆိုသည်။ အခြားသော အမျိုးသမီးများ၊ အမျိုးသားများအနေဖြင့် ငါးကိုတစ်ပတ် လေးကြိမ်စားသင့်ကြောင်း၊ တစ်ကြိမ်စားသင့်သော အချိုးအစားမှာ ဂရမ် ၁၄၀ အထိဖြစ်ကြောင်း ယင်းသုတေ သနပညာရှင်များက တွက်ချက်တင်ပြထားသည်။ **(ကိုးကား–အင်တာနက်)**

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

နှစ်ပေါင်းသန်း၅၅၀က ကျောက်ဖြစ်ရုပ်ကြွင်း သုတေသီများက သက်တမ်းအတိအကျ ဖော်ထုတ်နိုင်

လွန်ခဲ့သည့်နှစ်ပေါင်းသန်း ၅၅၀က သတ္တဝါတို့၏ ကလာပ်စည်းတစ်ခုကို ခွဲခြမ်းစိတ်ဖြာလေ့လာသောအခါ သုံးဖက်မြင်ပုံရိပ်တွင် ယင်း၏ သက်တမ်း အတိအကျကို ဖော်ထုတ်နိုင်သည်ဆို၏။

ခွဲခြားစိတ်ဖြာ

တရုတ်နိုင်ငံ ကူချောင်ပြည်နယ်မှ ကျောက်ဖြစ်ရုပ်ကြွင်း သန္ဓေသားများကို သုတေသီများက ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်သည်။

သိပ္ပံဂျာနယ်တွင် ဖော်ပြသည့် နမူနာများမှာ သက်တမ်းအရင့်ဆုံးသော ကျောက်ဖြစ်ရုပ်ကြွင်း သန္ဓေသားများ၏ နမူနာများဖြစ်ပြီး ရှုပ်ထွေးသည့် သက်ရှိ၏ စောစောပိုင်းဆင့်ကဲဖြစ်စဉ်ကို မီးမောင်းထိုးပြသည်။

စူးစမ်းကြည့်

အတွင်း၌ မည်သို့ဖွဲ့စည်းထားသည်ကို ဖော်ထုတ်ရန်အတွက် ကလာပ်စည်းများ၏ အတွင်းပိုင်းကို ခေတ်မီအိတ်(စ်)ရေးနည်းပညာကိုသုံးကာ သိပ္ပံပညာရှင်များက စူးစမ်းကြည့်သည်။

ထိုကျောက်ဖြစ်ရုပ်ကြွင်းများမှာ လွန်စွာရှေးကျသည့် ရေမြှုပ်လိုသတ္တဝါများ၏ သန္ဓေသားများဖြစ်သည်ဟု သုတေသီများက ယုံကြည်ကြသည်။ **(ကိုးကား–အင်တာနက်)**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

ဒိုးပတ်အတီးပြိုင်ပွဲ

ဒုတိယနေ့ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၆

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ဂီတနှင့် သဘင် အနုပညာရှင်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ချင်းပြည်နယ်မှ ဦးငွေဟိန်း မောင် ခေါင်းဆောင်သော လေ့လာ အားပေးကြသူများ၊ ရေဆင်းရှိ စိုက်ပျိုး

ဒုတိယနေ့ အဆင့်မြင့် အမျိုးသမီး အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်နှင့် သစ်တောသုတေသန ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပျဉ်းမနား ခရိုင်အတွင်းရှိ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်၊ ရမည်းသင်း ခရိုင်အတွင်းရှိ ရမည်းသင်း မြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့မှ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားချစ်ခင်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဂီတ အဆိုပြိုင်ပွဲကို နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမ၌ နံနက် ၉နာရီ တွင် ဆက်လက်ကျင်းပရာ အဆို အကဲဖြတ်အဖွဲ့အတွင်းရေးမှူး အနုပညာ ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ကျင်းပကြရာ၌ အခြေခံပညာ အဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် "ဝေယံလိုပင်"(ကြိုး)သီချင်းဖြင့် မန္တလေး တိုင်းမှ မောင်ဖြိုးသူရအောင်၊ ကရင် ပြည်နယ်မှ မောင်စောဂွန်စတိုင်း၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်းနှင့် မောင်ဇော်နိုင်မိုး၊ ဧရာဝတီတိုင်းမှ မောင်ကျော်ရဲလွင်၊ ကချင်ပြည်နယ်မှ မောင်မင်းသန့်ဇော်၊ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ပဲခူးတိုင်းမှ မောင်လင်း ထက်ကျော်၊ ရှမ်းပြည်နယ်မှ မောင်အာကာငြိမ်းချမ်း၊ မွန်ပြည်နယ်မှ မောင်ဖြိုးမင်းဦး၊ မကွေးတိုင်းမှ မောင်ဇင် မင်းလတ်၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မိုး ထက်နှင့် မန္တလေးတိုင်းမှ မောင်လှမျိုး ဇော်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ "နှင်းယွန်းခါ ဟောမန်" (ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ မသော်တာချမ်းမြေ့၊ ဧရာဝတီတိုင်းမှ မဇာလီစိုး၊ ရခိုင်ပြည် နယ်မှ မခင်သက်ဆု၊ ရန်ကုန်တိုင်းမှ မထက်ထက်မော်၊ ကယားပြည်နယ်မှ မသီရိဆုဝေ၊ မွန်ပြည်နယ်မှ မခင်ချမ်း ငြိမ်း၊ ရန်ကုန်တိုင်းမှ မခင်မြသက် နှင်းနှင့် မန္တလေးတိုင်းမှ မသန္တာဂွေး(ခ) ခင်သန္တာနွယ်တို့ သီဆိုပြိုင်ပွဲဝင်ကြ သည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ခေတ်ဟောင်းကာလပေါ် တေး အဆိုပြိုင်ပွဲကို နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင် ခန်းမ၌ နံနက် ၉နာရီတွင် ဆက်လက် ကျင်းပရာ အဆိုအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လက်ထောက် ညွှန်ကြားရေးမှူး(ဂီတ)(ငြိမ်း)တေးသံရှင် ဒေါ်တင်တင်မြ၊ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်(၁) ဒေါ်တင်မေသက်၊ တေးသံရှင် မောရဏီခိုင်နှင့် ကာလပေါ်တေး အဆိုအကဲဖြတ်အဖွဲ့ ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ် ပေးကြသည်။

ထိုသို့ကျင်းပကြရာ၌ အဆင့်မြင့် ပညာအဆင့်(အမျိုးသမီး) ကာလပေါ် တေး အဆိုပြိုင်ပွဲတွင် နန်းတော်ရှေ့ ဆရာတင်ရေးစပ်သီကုံးပြီး လေဘာတီ မမြရင်သီဆိုသည့် "ယောကျ်ားဆုပန်" သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်မြသက် နှင်း၊ မန္တလေးတိုင်းမှ မသော်တာ ချမ်းမြေ့၊ စစ်ကိုင်းတိုင်းမှ မငြိမ်းအိ ကျော်၊ ရခိုင်ပြည်နယ်မှ မခင်သက်ဆု၊ မွန်ပြည်နယ်မှ မခိုင်ဇာလွင်၊ ကရင် ပြည်နယ်မှ ဒေါ်ဖြိုးဇာလီထွန်း၊ မန္တလေး တိုင်းမှ မသန္တာဂွေး(ခ)မခင်သန္တာနွယ်၊ ဧရာဝတီတိုင်းမှ ဒေါ်မို့မို့သူဇာ၊ ချင်းပြည် နယ်မှ မမီမီခိုင်၊ တနင်္သာရီတိုင်းမှ မခိုင်နီလင်း၊ ကယားပြည်နယ်မှ မသီရိ ဆုဝေနှင့် ရန်ကုန်တိုင်းမှ မထက်ထက် မော်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀) နှစ်မှ (၁၅)နှစ် အမျိုးသား ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် သောင်းတင်ဌေး ရေးစပ်သီကုံးပြီး ညီညီလေး သီဆိုသည့် "တောဓလေ့" သီချင်းဖြင့် ကချင်ပြည်နယ်မှ မောင်လွင် အောင်ဖြိုး၊ တနင်္သာရီတိုင်းမှ မောင်ညီညီ စိုး၊ ကရင်ပြည်နယ်မှ မောင်ချစ်မိုး ကျော်၊ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ စစ်ကိုင်းတိုင်းမှ မောင်ဇင်ကိုကိုအောင်၊ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ ရှမ်းပြည်နယ်မှ မောင်အာကာငြိမ်းချမ်း၊

ဒုတိယနေ့ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မကွေးတိုင်းမှ မောင်ပြည့်ဖြိုးအောင်၊ မန္တလေးတိုင်းမှ မောင်အာကာအောင်၊ ဧရာဝတီတိုင်းမှ မောင်နိုင်လင်းအောင်၊ ပဲခူးတိုင်းမှ မောင်သီဟဇော်၊ မွန်ပြည် နယ်မှ မောင်သိန်းမင်းဦးနှင့် ရခိုင်ပြည် နယ်မှ မောင်ရဲလင်းကျော်တို့ သီဆိုပြိုင်ပွဲ ဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)အကပြိုင်ပွဲကို နေပြည် တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေး တက္ကသိုလ် စုဝေးခန်းမ၌ နံနက် ၉နာရီ တွင် ဆက်လက်ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ယဉ်ကျေးမှု တက္ကသိုလ်(မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်တျာကျောင်း(ရန်ကုန်)မှ ကျောင်းအုပ် ဒေါ်မူမူခင်၊ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန (မန္တလေး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်းနှင့် အက အကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ကျင်းပကြရာ၌ အဆင့်မြင့်ပညာ အဆင့်(အမျိုးသမီး) အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မဇာဇာလှိုင်နှင့် မပန်းအိ ကျော်၊ ဧရာဝတီတိုင်းမှ မဟေမာန်နှင်း လွင်၊ ကချင်ပြည်နယ်မှ မအေးသက်မွန်၊ ရှမ်းပြည်နယ်မှ မအေးချမ်းသူ၊ တနင်္သာရီတိုင်းမှ မခင်မို့မို့အောင်၊ မန္တလေးတိုင်းမှ မမေကိုကို၊ ရန်ကုန် တိုင်းမှ မအေးလဲ့ဝါဝါအောင်နှင့် မမေလဲ့ နှောင်း၊ မန္တလေးတိုင်းမှ မအိအိအောင်၊ ရှမ်းပြည်နယ်မှ မဝါဝါဝင်းလှိုင်၊ မကွေး တိုင်းမှ မနွယ်နီမွန်၊ ကရင်ပြည်နယ်မှ ဒေါ်ရည်မွန်စိုးနှင့် မွန်ပြည်နယ်မှ မဖြူဖြူထွန်းတို့က အကပြိုင်ပွဲဝင်ကြ သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉နာရီ တွင် နေပြည်တော်ရှိ စိုက်ပျိုးရေး

အမျိုးသား ဝါသနာရှင်အဆင့် (ဒုတိယတန်း) အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

သုတေသနဦးစီးဌာန သင်တန်းကျောင်း၌ ဆက်လက်ကျင်းပရာ အရေးပြိုင်ပွဲ အရေးအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးလေးညွန့်၊ အတွင်းရေးမှူး အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးဇော်ဌေးနှင့်အဖွဲ့ဝင်များက ကြပ်မတ် ဆောင်ရွက်ပေးကြသည်။

ပြိုင်ပွဲတွင် အောက်တိုဘာ ၁၅ရက် တွင် ကျင်းပခဲ့သည့် တေးစာသား ရေးသားပြိုင်ပွဲဝင်ခဲ့သော ဝါသနာရှင် (ဒုတိယတန်း)အဆင့်မှ တေးစာသား များကို သံစဉ်ထည့်သွင်းလေ့ကျင့်ကြ သည်။

အလားတူ အဆင့်မြင့်ပညာအဆင့်မှ ပြိုင်ပွဲဝင်ခဲ့သော တေးစာသားများကို လည်း အောက်တိုဘာ ၁၇ရက်တွင် သံစဉ် ထည့်သွင်းလေ့ကျင့်ကြမည်ဖြစ် သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အတီးပြိုင်ပွဲ၏ ဒိုးပတ်အတီး ပြိုင်ပွဲကို နေပြည်တော်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ နံနက် ၉နာရီတွင်ကျင်းပရာ အတီးပြိုင်ပွဲ အိုးစည်နှင့်ဒိုးပတ် အကဲဖြတ်အမှတ်ပေး အဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစိန်ကုလား (ခ)ဦးအောင်ဝမ်းတူးနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွား(ခ) မင်းကိုကိုအဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်အောင်သက်ဖြိုး အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မင်းဟိန်း ထက်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဖြိုး ဝေသူအဖွဲ့နှင့် ချင်းပြည်နယ်မှ ကီးအောင်လိန်းအဖွဲ့တို့ပါဝင် ယှဉ်ပြိုင် ကြပြီး နံနက်ပိုင်းပြိုင်ပွဲကို ခေတ္တရပ်နား သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့် ပညာအဆင့် အမျိုးသား ဒိုးပတ်အတီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန် တိုင်းမှ မောင်ညွန့်အောင်(ခ)ညိုချော အဖွဲ့၊ စစ်ကိုင်းတိုင်းမှ စိန်ဝင်းထက်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မျိုးသူအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ခြိမ့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေဟက်တာ ၁၈ သန်းအနက် တိုးချဲ့စိုက်နိုင်မည့်မြေဟက်တာ ခုနစ်သန်းခန့်ရှိ မြေသယံဇာတများကို အချိန်တိုအတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖွင့် အောင်မြင်ဖြစ်ထွန်းနေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးအားပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၀၆ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး (အပေါ်ပုံ) **ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။**

တက်ရောက်

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဝင်များ၊ ၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဆုရမြို့နယ်များမှ ကိုယ်စားလှယ်များ၊ ဆုရပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ ဆုရကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မိန့်ခွန်းပြောကြားရာ၌ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး တိုးတက်မှုကို မဟာဗျူဟာထား ဆောင်ရွက်နေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လက်ရှိလူဦးရေ ၅၅ သန်းကျော်ရှိကြောင်း၊ နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းသည် စားနပ်ရိက္ခာထုတ်လုပ်ရာ ပင်မဖြစ်သည့် ကျေးလက်အခြေခံ လယ်ယာ၊ သားငါး၊ သစ်တောဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နေသောကြောင့် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများသည် တစ်မျိုးသားလုံး၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရန် စွမ်းဆောင်နေမှု၌ အဓိကအခန်းကဏ္ဍတွင် တည်ရှိနေကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေ၊ မြေသဘာဝ အခြေခံများနှင့် သဘာဝသယံဇာတ အနေအထားများသည် လယ်ယာစိုက်ပျိုးမှုကို အခြေပြုပြီး သားငါး၊ သစ်တောကဏ္ဍများ၏ စွမ်းအားများနှင့် ပေါင်းစပ်၍ လက်ရှိတွင်သာမက ရေရှည်တွင်ပါ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အားထားတည်ဆောက်သွားနိုင်သည့် အခြေအနေကောင်းများကို ဖန်တီးပေးထားကြောင်း။

စိုက်ပျိုးနိုင်သည့် မြေဧရိယာဟက်တာ ၁၈ သန်းအနက် တိုးချဲ့စိုက်ပျိုးနိုင်မည့် မြေဟက်တာ ခုနစ်သန်းခန့်ရှိနေသည့်အတွက် မြေသယံဇာတ အရင်းအမြစ်များကို အချိန်တိုအတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဖွင့်ပေးပြီး အောင်မြင်ဖြစ်ထွန်းနေသည့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကို လယ်ယာကဏ္ဍ၌ ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးစည်းရုံးဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းအတွက် ရေသယံဇာတများ တိုးမြှင့်သုံးစွဲနိုင်ရန်လည်း အချိန်တိုအတွင်းတွင် မြေဧရိယာ ဟက်တာ တစ်သန်းကျော် အကျိုးပြုသည့် ဆည်မြောင်းတာတမံစီမံကိန်းလုပ်ငန်း ၁၈၉ ခုအပြင် မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၈ ခု ကို တည်ဆောက်လုပ်ကိုင်ခဲ့သည့်အတွက် အသားတင်သီးနှံစိုက်ဧရိယာ ဟက်တာ ၁၂ သန်းတွင် ဟက်တာ နှစ်သန်းကျော် ရေသွင်းစိုက်ပျိုးနိုင်သည့် အကျိုးရလဒ်ကောင်းများ ခံစားနေရပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာသကဲ့သို့ ပြည်သူပြည်သားတို့၏ လူမှုစီးပွားရေး အခြေခံများလည်း ဖွံ့ဖြိုးမှုအကျိုးဆက်များအဖြစ် တိုးတက်ဖြစ်ထွန်းမှုများရှိလာခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တည်ရှိပြီး သယံဇာတ စွမ်းအားစုများကို လူသားအကျိုးအတွက် တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ရာတွင် သားငါးနှင့် ရေသယံဇာတလုပ်ငန်းများကလည်း ပဓာနကျသည့်အခန်းကဏ္ဍအဖြစ် တည်ရှိနေကြောင်း၊ ပင်လယ်ပြင် သယံဇာတပေါကြွယ်ဝသည့် မြန်မာ့ကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ရှည်လျားသည့် အလျောက် ငါး၊ ပုစွန်နှင့် ရေသယံဇာတများ ထုတ်နုတ်သုံးစွဲရန် အခြေအနေကောင်းများပေးနေသကဲ့သို့ ကုန်းတွင်း မြစ်ချောင်း၊ အင်းအိုင်များ၏ ရေသယံဇာတများကြောင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသယံဇာတများ ရေရှည်ထိန်းသိမ်းထုတ်ယူသုံးစွဲရေး မူဝါဒချမှတ်ပြီး အကောင်အထည်ဖော် လျက်ရှိရာ အဓိက ရေလုပ်ငန်း နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအတွက် သားငါး ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ ကျေးလက်ပြည်သူများ ဝင်ငွေတိုးတက်ရရှိအောင် ကျေးလက်ဒေသ ကုန်းတွင်း ငါး၊ ပုစွန်မွေးမြူရေးကန်များ၊ ငါး၊ ပုစွန် ပေါကြွယ်ဝပြီး ပိုမိုဖမ်းဆီးထုတ်လုပ်နိုင်ရန် ကန်၊ ဆည်၊ မြစ်ချောင်း၊ ရေလှောင်တမံများတွင် ငါးသားပေါက်ထည့်သွင်းမွေးမြူမှု လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် တောင်သူလယ်သမားများအတွက် စပါးစိုက်လယ်မြေများတွင် ငါးနှင့်စပါး တွဲဖက်မွေးမြူ စိုက်ပျိုးမှုများ၊ ကျေးလက်ဒေသ ပြည်သူများအနေဖြင့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရေးအတွက် မျိုးဖြန့်ဖြူးမှုများကို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ့လယ်ယာ၊ သားငါးကဏ္ဍများအပြင် သဘာဝက ပေးအပ်ထားသည့် သစ်တောရတနာများသည် ဧရိယာဟက်တာ ၃၃ သန်းရှိပြီး နိုင်ငံတော်တစ်ဝန်းလုံး၏ ထက်ဝက်ကို ဖုံးလွှမ်းတည်ရှိနေကြောင်း၊ စီးပွားဖြစ် သယံဇာတများဖြစ်ရုံသာမက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုမျှတရေး အခြေခံအုတ်မြစ်များဖြစ်သည့် သစ်တောအရင်းအမြစ်စွမ်းအားစုများသည် နိုင်ငံအများအပြားက စံနမူနာယူရမည့် မြန်မာ့သစ်တော

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping ဖတ်ကြားစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထိန်းသိမ်းရေး နည်းစနစ်များကြောင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲသွားနိုင်သည့် အခြေအနေကောင်းများရှိကြောင်း၊ သစ်တောများ ထုတ်ယူသုံးစွဲမှု၊ ရေရှည်ထိန်းသိမ်းမှု၊ ပြန်လည်ပျိုးထောင်မှု စနစ်များဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်နေမှုကြောင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည်သာမက ရာသီဥတုနှင့် သဘာဝ ပတ်ဝန်းကျင် ကောင်းမွန်မျှတသည့် အခြေအနေကောင်းများ ဖြစ်ပေါ်၍ မြန်မာ့စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ အသွယ်သွယ်ကို ထိထိရောက်ရောက် အထောက်အကူပြုလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ဖတ်ကြားသည်။

ထို့နောက် ၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဗီဒီယိုကို ပြသပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

အခမ်းအနား ခေတ္တရပ်နားနေစဉ် အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များသည် အစည်းအဝေးခန်းမရှေ့၌ ၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် လုပ်ငန်းရှင်များက ခင်းကျင်းပြသထားသော ပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကို ပြန်လည်ကျင်းပရာ ၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ထူးချွန်ဆုများ၊ စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ထူးချွန်ဆုများနှင့် လယ်ယာစီးပွား သတင်းဓာတ်ပုံပြိုင်ပွဲများတွင် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပံ့ပိုးငွေများ ပေးအပ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန်ကင်းကျေးလက်ကျန်းမာရေး ဌာနခွဲအတွက် ပံ့ပိုးငွေများကို ဆင်ဘိုမြို့ အုပ်ချုပ်ရေးမှူးထံ ပေးအပ်စဉ်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးအတွက် အခန်း ၃၀၂ ကမ်းသာယာပလာဇာ ကမ်းနားလမ်း ကြည့်မြင်တိုင်မြို့နယ်နေ မိဘနှစ်ပါးအား အမှူးထား၍ မသန္တာဇင်၏ (၃၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အလှူငွေကျပ် ၁၀၃၆၀၀ နှင့် ဦးလူအေးက အလှူငွေကျပ် ၁၀၀၀၀ လှူဒါန်းမှုအတွက် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)ရှေ့မှောက်၌ အကျိုးတော်ဆောင် မောင်အောင်သူထိုက်(ညောင်ဦး)က အလှူရှင်များအား ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

❒ ရှေ့ဖုံးမှ

ဖြည့်စွက်တင်ပြ

တွေ့ဆုံပွဲတွင် ဆင်ဘိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က ဆင်ဘိုမြို့၏ အကျယ်အဝန်း၊ စပါးစိုက်ပျိုးမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ကြံနှင့် ဆီထွက်သီးနှံများ၊ အမယ်သစ်သီးနှံများ၊ နှစ်ရှည်ပင်များ စိုက်ပျိုးပြီးစီးမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဒေသ၏ လမ်းပန်းဆက်သွယ်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ဌာနအလိုက် နယ်မြေခံတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်တို့က ဒေသအတွင်း လမ်း၊ တံတားများ ပိုမိုတိုးတက်ကောင်းမွန်ရေး၊ တယ်လီဖုန်း ကြေးနန်းဆက်သွယ်မှုများ ပိုမိုချောမွေ့အဆင်ပြေရေး၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ဘာသာရပ်အလိုက် ဆရာ ဆရာမများ ဖြည့်စွက်ခန့်ထားရေး၊ မီးသတ်ယာဉ်ရရှိရေး ကိစ္စများကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကလည်း ဒေသအခြေအနေနှင့်စပ်လျဉ်းသည့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မေးမြန်းမှာကြား

ထို့နောက် ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးနိုင်မည့် ကိစ္စများကို ဌာနအလိုက် တာဝန်ရှိသူများအား ထပ်မံမေးမြန်းပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မန်ကင်းကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ပံ့ပိုးငွေများကို ဆင်ဘိုမြို့ အုပ်ချုပ်ရေးမှူးအား ပေးအပ်သည်။

ဆေးပစ္စည်းများပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆင်ဘိုမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံအတွက် ဆေးပစ္စည်းများကို တာဝန်ခံဆရာဝန်သို့ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အဝတ်အထည်များပေးအပ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများကို ပေးအပ်ကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် (၁၆)ခုတင်ဆံ့ ဆေးရုံသစ်တည်ဆောက်မည့်နေရာနှင့် ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် ဆင်ဘိုမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဆင်ဘိုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး စာသင်ခန်းများအခြေအနေနှင့် စာသင်ဆောင်တိုးချဲ့ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

စာသင်ခန်းများကြည့်ရှု

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ စာသင်ခန်းများအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Audio Room၌ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် လေ့လာသင်ကြားနေမှုများ၊ Computer Skill Room၌ ကွန်ပျူတာပညာလေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ဒေါ့ဖုန်းယန်မြို့ အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်က ဒေါ့ဖုန်းယန်မြို့နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ဒေသ ဆန်၊ ဆီဖူလုံမှုများ၊ ဒေသအတွင်း ကားလမ်းများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ၊ ရေအားလျှပ်စစ်ထုတ်ယူရရှိရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ရှင်းလင်းတင်ပြကြသည်။

ကားလမ်းဖောက်လုပ်မှုတင်ပြ

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ် အင်ဂျင်နီယာက ကုန်းနှော-မခွယ်-သိမ်လုံ-ဒေါ့ဖုန်းယန် ကားလမ်းဖောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဖြည့်စွက်တင်ပြသည်။

တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကလည်း ဒေါ့ဖုန်းယန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဦးစားပေးဆောင်ရွက်

ထို့နောက် ဝန်ကြီးချုပ်က ၁၄ မိုင်ရှိ မခွယ်-သိမ်လုံလမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းဖြစ်အောင် ဦးစားပေး ဖောက်လုပ်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဒေသတွင်းလမ်းများ တိုးတက်ကောင်းမွန်ရေး၊ ရေအားလျှပ်စစ်ထုတ်ယူရရှိရေး၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်၌ မြစ်ကြီးနားဒေသနှင့် ဗန်းမော်ဒေသတို့ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် ထူထောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ဖွံ့ဖြိုးရေးဒေသများအကြား လစ်ဟာသွားသည့် ကြားကွက်လပ်မျိုး မကျန်ရှိစေဘဲ အုပ်ချုပ်ရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်က အားထုတ်စီမံလျက်ရှိကြောင်း။

ကြိုးစားလုပ်ကိုင်

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြံ့နိမ့်မြင့်ကွာဟချက်များ လျော့နည်းကျဆင်းပြီး တိုင်းရင်းသားအားလုံး၏ လူနေမှုဘဝ ပြည့်စုံလုံခြုံရေးတို့အတွက် မျှော်မှန်းချက် မြင့်မြင့်မားမားထားရှိလုပ်ကိုင်နေသည့် နိုင်ငံတော်၏ စေတနာနှင့် အစီအမံအပေါ် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မှန်မှန်ကန်ကန် သဘောပေါက်နားလည်ပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန်လိုကြောင်း။

နိုင်ငံတော်၏ လစာနှင့် ရိက္ခာကိုခံစားပြီး ရပ်ကျိုးရွာကျိုး၊ တိုင်းကျိုးပြည်ကျိုးကိုလုပ်ကိုင်ရာ၌ တာဝန်ကျေရုံသဘော လုပ်ကိုင်နေ၍မရဘဲ အသိတရား၊ စေတနာတရားနှင့်ယှဉ်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်း

တစ်ချိန်တစ်ခါက ဖြစ်ပွားခဲ့ရသည့် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် ဤဒေသများသည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရုံသာမက ဆင်းရဲဒုက္ခများစွာ ခံစားခဲ့ရသော ဒေသများဖြစ်ကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းမှုရရှိပြီး ဖြစ်ရာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှု၏အရသာကို ဒေသခံပြည်သူများ အပြည့်အဝခံစားနိုင်အောင် မိမိတို့ စီမံဆောင်ရွက်လုပ်ကိုင်ပေးနေခြင်းဖြစ်ကြောင်း။

ဤဒေသ၌ မြစ်ကြီးနား-အကြဲ-ဆင်ဘို ကားလမ်း၊ ကုန်းနှော-မခွယ်-သိမ်လုံ-ဒေါ့ဖုန်းယန် ကားလမ်းတို့ကို အပြီးဖောက်လုပ်သွားရန်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှလည်း ဒေသများ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ဟန်ချက်ညီညီ

နိုင်ငံတော်၏အစီအမံများကို နယ်မြေဒေသအလိုက် လက်တွေ့အကောင်အထည်ဖော်ကြရသူများမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ရာ အပြန်အလှန်နားလည်မှု၊ ရင်းနှီးလေးစားမှုတို့ကို အခြေခံ၍ ညှိနှိုင်းပေါင်းစပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု ကောင်းကောင်းဖြင့် လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

သို့မှသာ ဒေသအားလုံး ဖွံ့ဖြိုးပြီး နိုင်ငံတော်တစ်ရပ်လုံးလည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပံ့ပိုးငွေများပေးအပ်

ထို့နောက် ဝန်ကြီးချုပ်က ဒေါ့ဖုန်းယန်မြို့ (၁၆)ခုတင်ဆံ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများကို တာဝန်ခံဆရာဝန်သို့လည်းကောင်း၊ ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ပံ့ပိုးငွေများကို ကျောင်းအုပ်ဆရာမကြီးသို့လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆေးပစ္စည်းများကို တာဝန်ခံဆရာဝန်သို့ ပေးအပ်သည်။

အသင်းဝတ်စုံများပေးအပ်

ထို့နောက် တိုင်းမှူးက ဒေါ့ဖုန်းယန်မြို့ အုပ်ချုပ်ရေးမှူးအား အဝတ်အထည်များပေးအပ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အသင်းဝတ်စုံများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် ပံ့ပိုးငွေများကို ပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလှူငွေများပေးအပ်

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြို့ဦးကျောင်းသို့သွားရောက်၍ မြို့သစ်ကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓမာနှင့် မြို့ဦးကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒတို့အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသူများ၏ သိုးမွေးစက်ဆွဲပညာ၊ စက်ချုပ်ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး မြစ်ကြီးနားမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်၌ မြစ်ကြီးနားဒေသနှင့် ဗန်းမော်ဒေသတို့ကို ဖွံ့ဖြိုးရေး ဒေသများအဖြစ် ထူထောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ဖွံ့ဖြိုးရေးဒေသများအကြား လစ်ဟာသွားသည့်ကြားကွက်လပ်မျိုး မကျန်ရှိစေဘဲ အုပ်ချုပ်ရေးအရ ပညာရေးအရ ကျန်းမာရေးအရ လမ်းပန်းဆက်သွယ်ရေးအရ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်က အားထုတ်စီမံ လျက်ရှိ။

✻ ကျောဖုံးမှ

အကဲဖြတ်အမှတ်ပေး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမနှင့် စာသင်ခန်းမတို့၌ စတင်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ၊ အငြိမ်းစား) တေးသံရှင် ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး အနုပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေနှင့် အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ ပြိုင်ပွဲဝင်ကြရာတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀) နှစ် အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် "သပြေသောင်းလုံး" (ဘွဲ့)သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ ပဲခူးတိုင်းမှ မောင်ဝေယံဦး၊ မန္တလေးတိုင်းမှ မောင်ခိုင်မျိုးဝေ၊ စစ်ကိုင်းတိုင်းမှ မောင်အောင်အောင်ဖြိုး၊ ကရင်ပြည်နယ်မှ စောဝင်းကိုနိုင်၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုးနှင့် ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အဆိုပြိုင်ပွဲဝင်

ထို့အတူ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးမဟာဂီတ အဆို ပြိုင်ပွဲတွင် "စိန်ကြယ်ညီးလင်း" (မွန်) သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်သဥ္ဇာမျိုး၊ ဧရာဝတီတိုင်းမှ ဒေါ်သဲမြတ်စိုး၊ ပဲခူးတိုင်းမှ ဒေါ်ချယ်ရီဝင်း၊ ရန်ကုန်တိုင်းမှ ဒေါ်ချယ်ရီဆွေ၊ မွန်ပြည်နယ်မှ ဒေါ်တင်ဌေးမာ၊ မကွေးတိုင်းမှ ဒေါ်တင်နိုင်မိုး၊ တနင်္သာရီတိုင်းမှ ဒေါ်ကေခိုင်၊ ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ ရခိုင်ပြည်နယ်မှ ဒေါ်သန်းသန်းဝင်း၊ မန္တလေးတိုင်းမှ ဒေါ်မြင့်မြင့်၊ ကယားပြည်နယ်မှ ဒေါ်စန်းစန်းနွယ်၊ ရန်ကုန်တိုင်းမှ ဒေါ်ဌေးဌေးအောင် (ခ) ဒေါ်အေးအေးကျော်နှင့် စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ခေတ်ဟောင်းတေး

အလားတူ ဝါသနာရှင်အဆင့် ခေတ်ဟောင်း၊ ကာလပေါ်တေးအဆို ပြိုင်ပွဲတွင် မောင်မောင်လတ် ရေးသားစပ်ဆိုပြီး ကိုတင်အောင်သန်း သီဆိုသည့် "တပေါင်းသာခေါင်" သီချင်းဖြင့် ကရင်ပြည်နယ်မှ ဦးသန်းဇော်၊ ကယားပြည်နယ်မှ မောင်ဝင်းအောင်၊ ကချင်ပြည်နယ်မှ ဦးသက်ဝင်း၊ မကွေးတိုင်းမှ ဦးစံကြည်၊ စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ရှမ်းပြည်နယ်မှ ဦးစိုင်းအောင်ထက်ဦး၊ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ ဧရာဝတီတိုင်းမှ ဦးဝင်းထွဋ်၊ ရန်ကုန်တိုင်းမှ ဦးစောဝင်း၊ ရခိုင်ပြည်နယ်မှ မောင်ဇော်မင်းလတ်၊ ပဲခူးတိုင်းမှ ဦးမြင့်ကြည်၊ မန္တလေးတိုင်းမှ ဦးဇော်ထွေးလတ်၊ မွန်ပြည်နယ်မှ မင်းခင်မောင်ဇော်နှင့် မန္တလေးတိုင်းမှ ဦးမျိုးမြင့်(ခ)သော်တာနေမင်းတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် အမျိုးသမီး ခေတ်ဟောင်းကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ရွှေပြည်အေး ရေးသားစပ်ဆိုပြီး မေသစ် သီဆိုသည့် "ဖိုးသာအောင်" သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဥမ္မာမွန်၊ ရခိုင်ပြည်နယ်မှ မလဲ့ရည်ကို၊ ကချင်ပြည်နယ်မှ မရသ၊ တနင်္သာရီတိုင်းမှ မအေးမြတ်မွန်၊ မွန်ပြည်နယ်မှ မခိုင်ဝတ်ရည်၊ မန္တလေးတိုင်းမှ မခင်စံပါယ်နှင့် မမေဦးလွင်၊ စစ်ကိုင်းတိုင်းမှ မယမင်းထွန်း၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ ကယားပြည်နယ်မှ မနော်ဖူးမယ်၊ ရန်ကုန်တိုင်းမှ မရွှေစင်ဖြိုး၊ မကွေးတိုင်းမှ မအိချောချောစု၊ ပဲခူးတိုင်းမှ မသက်သက်အောင်၊ ကရင်ပြည်နယ်မှ မသဲနုအေးနှင့် ဧရာဝတီတိုင်းမှ မမေသဇင်မြင့်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အကပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၈ နာရီတွင် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စုဝေးခန်းမ၌ စတင်ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်တျာကျောင်း (ရန်ကုန်)မှ ကျောင်းအုပ် ဒေါ်မူမူခင်၊ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန(မန္တလေး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်းနှင့် အကအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အမျိုးသမီး ဝါသနာရှင်အဆင့် (ပထမတန်း)အကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်နှင်းရူပါမိုးမြင့်၊ မန္တလေးတိုင်းမှ ဒေါ်ထက်ထက်ထူးဝေ၊ ရန်ကုန်တိုင်းမှ ဒေါ်ချောစုမျိုး၊ မွန်ပြည်နယ်မှ မဖိုလ်မ၊ ပဲခူးတိုင်းမှ ဒေါ်နန်းယုနွယ်၊ ရန်ကုန်တိုင်းမှ ဒေါ်ဖြူနှင်းဆီ(ခ)ဖြူဖြူ၊ စစ်ကိုင်းတိုင်းမှ ဒေါ်စိမ်းလဲ့နှင်းတို့ ပါဝင်ယှဉ်ပြိုင်ကပြကြသည်။

ပါဝင်ယှဉ်ပြိုင်

အမျိုးသား ဝါသနာရှင်အဆင့် (ဒုတိယတန်း) အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ဦးသိန်းဇော်ထူး၊ ပဲခူးတိုင်းမှ ဦးစိုးကိုကို၊ ရခိုင်ပြည်နယ်မှ မောင်လှမောင်ထွန်း၊ ကချင်ပြည်နယ်မှ ဦးအောင်မြင့် (ခ) အောင်မျိုးထွန်း၊ ရန်ကုန်တိုင်းမှ မောင်အောင်ကိုလတ်၊ မကွေးတိုင်းမှ ဆလိုင်းဆန်းဝေဦး၊ မန္တလေးတိုင်းမှ ဦးမြတ်ကိုအောင်၊ ရှမ်းပြည်နယ်မှ ဦးမင်းမင်းထွန်း၊ တနင်္သာရီတိုင်းမှ မောင်ချစ်စိန်၊ ကရင်ပြည်နယ်မှ ဦးညီညီယဉ်ထွေး၊ ရန်ကုန်တိုင်းမှ မောင်နိုင်လင်း၊ ဧရာဝတီတိုင်းမှ ဦးဖြိုးဝေဟန်၊ မန္တလေးတိုင်းမှ ဦးအောင်နိုင်လင်းတို့ ပါဝင်ကပြ ယှဉ်ပြိုင်ကြသည်။

အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် အမျိုးသမီး အကပြိုင်ပွဲနှင့် ညပိုင်းတွင် ဇာတ်တော်ကြီး ပြိုင်ပွဲကို စတင် ကျင်းပသွားမည်ဖြစ်သည်။

အရေးပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးအဖွဲ့ ဥက္ကဋ္ဌ ဦးလေးညွန့်၊ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးဇော်ဌေးနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

တေးစာသားရေးသားခြင်း

ဝါသနာရှင်အဆင့် (ပထမတန်း) တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်းပြိုင်ပွဲတွင် "ယဉ်ကျေးသိမ်မွေ့တို့ခလေ့" ခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ ဦးဝင်းနွယ်၊ မွန်ပြည်နယ်မှ သထုံသန်းဝင်း၊ ရှမ်းပြည်နယ်မှ ဒေါ်မူမူဆွေ၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း(ခ)ဦးသောင်း၊ ပဲခူးတိုင်းမှ ဦးမြင့်စိုး၊ မန္တလေးတိုင်းမှ ဦးမျိုးသူနှင့် ဦးဇော်မိုးကျော်၊ ရန်ကုန်တိုင်းမှ ဦးမိုးခင်ကျော်နှင့် ဦးတင့်ခိုင်၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်းပြိုင်ပွဲတွင် "အမောင်နှင့်အလင်း" ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ ကယားပြည်နယ်မှ ဦးကြည်စိုး၊ ကရင်ပြည်နယ်မှ ဦးဇေဒါ၊ မွန်ပြည်နယ်မှ ဦးမင်းအောင်ထူး၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ စစ်ကိုင်းတိုင်းမှ ဦးတက်ခေတ်လင်းဇော် (ခ) ဦးလင်းဇော်၊ ပဲခူးတိုင်းမှ ဦးဝင်းလွင်၊ မကွေးတိုင်းမှ ဦးသိုက်ထွန်း၊ မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်နှင့် ဒေါ်ထက်ထက်စံ၊ ရန်ကုန်တိုင်းမှ ဒေါ်ပွင့်စပါယ်နှင့် ဒေါ်ဥမ္မာမြတ်၊ ဧရာဝတီတိုင်းမှ ဦးဇော်ဝင်းမြင့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာ တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်း ပြိုင်ပွဲတွင် "ပွင့်သစ်စပန်း လန်းလေပြီ" ခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်း၊ ကရင်ပြည်နယ်မှ ဦးညီညီဟိန်း၊ မွန်ပြည်နယ်မှ မောင်စည်သူလွင်၊ စစ်ကိုင်းတိုင်းမှ မခင်လေးဝင်း၊ တနင်္သာရီတိုင်းမှ မောင်ဇော်လင်းဦး၊ မန္တလေးတိုင်းမှ မောင်တင်အောင်ကျော်နှင့် မောင်ဇော်သူ၊ ရန်ကုန်တိုင်းမှ မမိုးမိုးယဉ်မင်းနှင့် မခင်မြသက်နှင်း၊ ဧရာဝတီတိုင်းမှ မောင်ကျော်စွာဝင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အောက်တိုဘာ၁၆ရက်တွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း)မှ ပြိုင်ပွဲဝင်တေးစာသားများအား သံစဉ် ထည့်သွင်းလေ့ကျင့်ကြမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပသည်။

အတီးပြိုင်ပွဲ

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် "ဘုံးမိုး သွန်းလောင်း" သီချင်းခန့်ဖြင့် ကချင်ပြည်နယ်မှ ဦးဗထူး၊ မန္တလေးတိုင်းမှ ဦးအောင်ဆန်းမင်း၊ မကွေးတိုင်းမှ ဦးလှကြည်၊ ဧရာဝတီတိုင်းမှ ဦးဇေယျာထွန်းဝေ၊ စစ်ကိုင်းတိုင်းမှ ဦးစတား၊ မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်၊ ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဖိုလ်၊ ပဲခူးတိုင်းမှ ဦးဝင်းမောင်၊ ကယားပြည်နယ်မှ မောင်အောင်ဆန်းနိုင်၊ ရခိုင်ပြည်နယ်မှ ဦးစိုးသိန်း၊ ရန်ကုန်တိုင်းမှ သားစတင်း(ခ)ဦးကြည်နွဲ့၊ ရှမ်းပြည်နယ်မှ ဦးကျော်ဝင်းနှင့် မွန်ပြည်နယ်မှ မြန်မာပြည်ချစ်မိုးလျံတို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် (၁၀-၁၅)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "တူရကန်ပတ်ပျိုး"ဖြင့် ပဲခူးတိုင်းမှ မောင်ခင်မောင်ထွဋ်(ခ)ဉာဏ်လင်းအောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်မျိုးဝင်း၊ ရန်ကုန်တိုင်းမှ မောင်အောင်ဆန်းမင်း၊ မန္တလေးတိုင်းမှ မောင်ရန်ပိုင်(ခ) ပိုင်အောင်၊ ဧရာဝတီတိုင်းမှ မောင်သူရအောင်၊ မကွေးတိုင်းမှ မောင်အောင်ကိုကို၊ စစ်ကိုင်းတိုင်းမှ မောင်ဖြိုးထက်အောင်နှင့် မန္တလေးတိုင်းမှ မောင်အောင်ဆုမွန်တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ပြိုင်ပွဲဝင်ကြသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲတို့တွင် အတီးအကဲဖြတ် ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ် ခေါင်းဆောင် မလှိုင်ဦးသန်းထွန်းနှင့် အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၆ ရက်တွင် ဝါသနာရှင် (ပထမတန်း) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ စတင်ကျင်းပသည်။

စန္ဒရားအတီးပြိုင်ပွဲ

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် စန္ဒရားအတီးပြိုင်ပွဲတွင် "ကန္တာလေတောခြေ (ယိုးဒယား)"ဖြင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်သူ၊ စစ်ကိုင်းတိုင်းမှ မောင်ချမ်းမြေ့ဇော်၊ ရန်ကုန်တိုင်းမှ မောင်အောင်ကိုကိုလှ၊ တနင်္သာရီတိုင်းမှ မောင်သီဟအောင်၊ ရခိုင်ပြည်နယ်မှ မောင်ထက်နိုင်ဝင်း၊ ရှမ်းပြည်နယ်မှ မောင်ခွန်သက်နိုင်ဦး၊ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ ကချင်ပြည်နယ်မှ မောင်ထိန်နန်ဇော်၊ ပဲခူးတိုင်းမှ မောင်ထက်ကျော်စံ၊ မွန်ပြည်နယ်မှ မောင်ထက်ဇော်ရှိန်နှင့် မန္တလေးတိုင်းမှ မောင်ကောင်းဆက်လူတို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "နှစ်ကိုယ်သစ္စာပတ်ပျိုး" ဖြင့် ရန်ကုန်တိုင်းမှ မအေးသီတာလှိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်စန်းလှိုင်နှင့် မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြကြည်တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ပြိုင်ပွဲဝင်ကြသည့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် စန္ဒရားအတီးပြိုင်ပွဲနှင့် ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီးစန္ဒရား အတီးပြိုင်ပွဲတို့တွင် အတီးအကဲဖြတ် ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ်ခေါင်းဆောင် စန္ဒရား ဦးနီနီနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၆ ရက်တွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စန္ဒရား အတီးပြိုင်ပွဲနှင့် အခြေခံပညာ အဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲများကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

အိုးစည်အတီးပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အိုးစည် အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အိုးစည်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ထက် အာကာအဖွဲ့၊ ချင်းပြည်နယ်မှ မောင် တီးအွမ်လင်းအဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်တင်မျိုးထက်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ဖိုလ် အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက် အဖွဲ့၊ မန္တလေးတိုင်းမှ မောင်စိန်ဖိုလ်ထွား (ခ)မင်းကိုကို အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ မောင်သီဟဇော် အဖွဲ့တို့က ပါဝင် ယှဉ်ပြိုင်ကြသည်။

ထို့နောက် နံနက်ပိုင်းပြိုင်ပွဲ အစီအစဉ်ကို ခေတ္တရပ်နားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် အမျိုးသား (ဒုတိယတန်း)အိုးစည်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းမှ ဦးကျော်ကျော်လင်း (ခ)ပတ္တမြားကုလား အဖွဲ့၊ ရှမ်းပြည်နယ်မှ ဦးဌေးနိုင် အဖွဲ့၊ ရခိုင်ပြည်နယ်မှ ဝေမြင့်(ခ)ရွှေဆိုင်းအဖွဲ့၊ ရန်ကုန်တိုင်းမှ အောင်စန်းမင်း(ခ) အောင်ပန်းအဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးအေးမင်းအဖွဲ့၊ စစ်ကိုင်းတိုင်းမှ စိန်မင်းဝေအဖွဲ့၊ မန္တလေးတိုင်းမှ ဦးထင်လင်းအောင် အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ဝဏ္ဏ အဖွဲ့နှင့် ဧရာဝတီတိုင်းမှ ဦးချစ်ကျော်ကျော် အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အကဲဖြတ် အမှတ်ပေး

ပြိုင်ပွဲကို အိုးစည်နှင့်ဒိုးပတ် အမှတ်ပေး အကဲဖြတ်လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဦးစိန်ကုလား(ခ) ဦးအောင်ဝမ်းတူးနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲ

အောက်တိုဘာ ၁၆ ရက်တွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် ဒိုးပတ်အတီးပြိုင်ပွဲနှင့် အဆင့်မြင့်ပညာအဆင့် ဒိုးပတ်အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းမှစ၍ သတ်မှတ်နေရာ အသီးသီး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ညပိုင်းတွင် ဝေဿန္တရာ ဇာတ်တော်ကြီးပြိုင်ပွဲ စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဒိုးပတ်အတီးပြိုင်ပွဲ

ဒုတိယနေ့ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်မှ အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး ဝှဲချီးရှင်ပျော် နေပြည်တော်

✻ အနော်ရထာ ဘုရင့်နောင်၊ ဦးအောင်ဇေယျ
မျိုးစေ့ချခဲ့
မြန်မာ့ခေတ်ဟောင်း၊ သမိုင်းကြောင်းမှ
ကောင်းမွေ ဆက်ခံ၊ ဒို့နိုင်ငံဝယ်
အားမာန်ဝင့်ကြွား၊ ပြည်ချစ်သားတို့
စွမ်းအားဝေစည်၊ အခြေတည်သော်
ရွှေပြည်ဖော်လှစ် မော်ကွန်းတည်။
နေပြည်တော်သစ် ပေါ်ထွန်းပြီ။

✻ ရွှေပြည် လှစ်ဖော်၊ နေပြည်တော်ကား
တောင်ပေါ်မြေပြန့်၊ ပန်းရန့်တို့
ထုံပျံ့ဝေစည်၊ လက်လှမ်းမီသည့်
ပြည်၏ချက်မ၊ ဗဟိုကျ၏
ဆိုကရေးတီး ပြိုင်ပွဲကြီးကို
ဝှဲချီးသဘင်၊ ပွဲကြီးဆင်သော်
နွဲ့ရှင်လာသွား၊ ပြည်သူများတို့
ဝမ်းပါးရွှင်ပျော် မော်တော့သည်။

✻ ယဉ်ကျေးမှုအစစ်၊ လူ့အနှစ်တည့်
ချစ်မြတ်နိုးစွာ၊ ကိုယ့်ရိုးရာကို
ကမ္ဘာတည်သမျှ၊ တာရှည်မှုဟု
ထိန်းကြ သိမ်းကြ၊ စောင့်ရှောက်ကြသည့်
မြန်မာ့အစဉ်အလာ၊ နှစ်ပေါင်းကြာပြီ
ခြေမှာစကား၊ လက်ဖျားကဗျာ
အံ့စရာတည့်၊ မဟာဂီတ
တေးအလှနှင့်
မြန်မာ့ဂန္ထဝင်၊ ခေတ်ရင်ခွင်၌
သစ်လွင်ဆဲဟု၊ သက်သေပြုမည့်
အနုပညာ၊ ပွဲခင်းသာဝယ်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
ကြိုးစားအနိုင် ပြိုင်ကြမည်။

✻ ဩော် - အနော်ရထာ ဘုရင့်နောင်၊ ဦးအောင်ဇေယျ
မျိုးစေ့ချခဲ့
မြန်မာ့ခေတ်ဟောင်း၊ သမိုင်းကြောင်းမှ
ကောင်းမွေဆက်ခံ၊ ဒို့နိုင်ငံဝယ်
အားမာန်ဝင့်ကြွား၊ ပြည်ချစ်သားတို့
စွမ်းအားဝေစည်၊ အခြေတည်သော်
ရွှေပြည်လှစ်ဖော်၊ နေပြည်တော်ဝယ်
တောင်ပေါ်မြေမှ၊ ပန်းအလှတို့
မြေပြန့်ဆီမှ၊ ပန်းအလှတို့
ချမ်းမြဂုဏ်ရည်၊ ပွင့်စုံညီသော်
ရွှေပြည်ဌာန သာစွတကား...။ ။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-]

မြင်းမူမောင်နိုင်မိုး

❍ စာမျက်နှာ ၆ မှ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် သစ်တောသုတေသန ဦးစီးဌာန စုဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) စန္ဒရား အတီးပြိုင်ပွဲတွင် "မြသို့ငယ်စိမ်းနု(ဘွဲ့)"ဖြင့် ကရင်ပြည်နယ်မှ ဦးစိုင်းသိန်းမြင့်ထွန်း၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုသက်၊ ရန်ကုန်တိုင်းမှ မောင်အောင်မင်းသူ၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ ရခိုင်ပြည်နယ်မှ မောင်သက်အောင်၊ မန္တလေးတိုင်းမှ မောင်သန့်ဇင်ထွေးနှင့် မန္တလေးတိုင်းမှ မောင်ရာဇာတင်အေးတို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ပြိုင်ပွဲဝင်

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ "သာယာ(ကြိုး)"ဖြင့်မန္တလေးတိုင်းမှမထက်ထက်ပြုံးအိ၊ မန္တလေးတိုင်းမှ မသက်စုရတနာလင်း၊ တနင်္သာရီတိုင်းမှ မအေးချမ်းမိုး၊ ရှမ်းပြည်နယ်မှ မနန်းရွှေသဇင်၊ ပဲခူးတိုင်းမှ မမေသူသွေး၊ ကချင်ပြည်နယ်မှ မဆိုင်းထွယ်ပန်း၊ ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့် ဧရာဝတီတိုင်းမှ မဖြိုးဝေသော်တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အဆင့်မြင့်ပညာရှင်အဆင့် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတို့တွင် အတီးအကဲဖြတ်ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ် ခေါင်းဆောင် စန္ဒရား ဦးနီနီနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်(ပထမတန်း) အမျိုးသား ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆိုင်းဝိုင်းကြီး

ရှေးဦးစွာ ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် (ဝါသနာရှင်) (ပထမတန်း)အမျိုးသား ဆိုင်းအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဦးစိန်ဒူးဝါးအဖွဲ့၊ မကွေးတိုင်းမှ ဦးစိန်အောင်လွင်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ် (ခ)ထွန်းကိုကိုအဖွဲ့၊ စစ်ကိုင်းတိုင်းမှ စိန်ဗိုလ်တင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးမျိုးသန့်တင်(ခ) ဗိုလ်ဗိုလ်သိန်း အဖွဲ့၊ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်းအောင်အဖွဲ့၊ ပဲခူးတိုင်းမှ ဦးဇော်ဝင်းနှင့် အဖွဲ့နှင့် ဧရာဝတီတိုင်းမှ ဦးစိန်ကျော်လွင်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဇေသဲမောင်အဖွဲ့၊ မကွေးတိုင်းမှ မောင်မျိုးချစ်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ရဲရင့်နောင်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရတနာထွန်းအဖွဲ့၊ မန္တလေးတိုင်းမှ မောင်ကျော်သက်အောင်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်ထက်အာကာအဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

အမှတ်ပေး

ယနေ့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဆိုင်းဝိုင်းအဖွဲ့လိုက် (ဝါသနာရှင်) (ပထမတန်း) အမျိုးသား ဆိုင်းအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသား)ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတို့တွင် အတီးအကဲဖြတ် ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ် ခေါင်းဆောင် မလှိုင် ဦးသန်းထွန်းနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။ **(သတင်းစဉ်)**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသန ဦးစီးဌာနစုဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ အသင်းအုပ်ချုပ်သူများ၊ တာဝန်ရှိသူများက တစ်နေ့တာ ပြိုင်ပွဲတစ်လျှောက် လိုအပ်ချက်များနှင့် အားနည်းချက်၊ အားသာချက်များကို ညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းဆွေးနွေးချက်အပေါ် ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးကာ ညှိနှိုင်းဆွေးနွေးပွဲကို ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၆-၁၀-၂၀၀၆)

မင်းတပ်

၀ ဒသမ ၄၀ လက်မ

ထားဝယ်

၀ ဒသမ ၃၃ လက်မ

ရွှေစည်းခုံဘုရား ဗုဒ္ဓပူဇနိယပွဲ ဓမ္မပူဇာ တရားပွဲများ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့ရှိ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေစည်းခုံဘုရားပွဲ ဓမ္မသဘင်ကို အောက်တိုဘာ၂၉ရက်မှ နိုဝင်ဘာ၄ရက် အထိ ညစဉ်၇နာရီတွင် ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ၂၉ရက်တွင် အောင်တော်မူဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)၊ ၃၀ရက်တွင် ဘဒ္ဒန္တကောသလ္လ(ဓမ္မစေတီ)၊ ၃၁ရက်တွင် ဘဒ္ဒန္တသံဝရ(မုံလည်ဆရာတော်)၊ နိုဝင်ဘာ ၁ရက်တွင် အရှင်ခေမာစာရ (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)၊ ၂ရက်တွင် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)၊ ၃ရက်တွင် ဆရာတော်အရှင်ဝိမလ(ကျန်စစ်သားဥမင်)နှင့် ၄ရက်တွင် ဆရာတော်အရှင်ကုသလ (M.A) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ
အစဉ်ထာဝရ၊ ထိန်းသိမ်းကြ

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆
အောက်တိုဘာလ(၂၁)ရက် မှ (၂၅)ရက်
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့

The Commerce Journal အတွဲ(၆)၊ အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၆

The Commerce Journal အတွဲ(၆)၊အမှတ်(၁၉)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ပြည်ပပို့ကုန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် နို့ဆီဈေးကျ၊ မူဆယ် ၁၀၅ မိုင်စခန်း စည်ကားတိုးတက်၊ မလေးရှားနိုင်ငံက မြန်မာပို့ကုန် ၁၁ မျိုးအပေါ် အခွန်ကင်းလွတ်ခွင့်ပြု၊ စက်တင်ဘာလအတွင်း ရန်ကုန်ဆိပ်ကမ်းတွင် ကုန်သေတ္တာ ၁၁၀၀၀ ကျော် လက်ခံစစ်ဆေးခဲ့၊ မြန်မာ့မင်းကွတ်သီး တရုတ်ဈေးကွက်ရရှိ သတင်းများပါရှိသည်။

ဝေဝေဆာဆာ

အထူးဆောင်းပါးများ အဖြစ် ခေတ်သစ်စီးပွားရေး(မောင်စူးစမ်း)၊ ရေနံလောက၏ အမှောင်ရိပ်(ဦးဟန်ထွန်း)၊ တစ်ကျော့ပြန် နျူကလီးယားစွမ်းအင်(မောင်ပုဆိုးကြမ်း)၊ ချမ်းသာနည်း ၁၀၀(ကြည့်ရှုန်း)၊ ကော်တလာပြောတဲ့ မားကက်တင်း(ဟံသာထွန်း)၊ တစ်ခုတည်းသော အာဆီယံဈေးကွက်(သိန်းမြသိန်း)၊ လေးမြို့ ရေဆန်(ကျွန်းသားငမန်း)၊ ဇီဝဓိုးငှက်ငယ်တို့၏ သိုက်မြို့(ထွန်းထွန်းသိန်း/ချစ်သောင်း)၊ ဓာတ်ရောင်ခြည်ဖျန်းနည်းပညာ (အေးမြင့်ဦး)၊ သိကောင်းစရာ ဇီဝဒီဇယ်(ဦးသန်းဌေး)၊ မြန်မာ့ရိုးရာ အမည်ဟောကိန်း (ဆရာစံဇာဏီဘို)စသည့် သုတရသစုံ ဆောင်းပါးများ၊ ပို့ကုန် သွင်းကုန်ဆိုင်ရာ အမေးအဖြေ၊ပြည်တွင်းပြည်ပကုန်စည်ဈေးနှုန်းများ၊ ဖက်ရှင်၊ ဟာသရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြမ်းဖက်အဖျက်သမားများက ပြည်သူတို့၏ဘဝလုံခြုံအေးချမ်းမှုများပျက်ပြားအောင် ကြံစည်လုပ်ဆောင် ကျောက်တံခါးမြို့၌ လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိ

နေပြည်တော် အောက်တိုဘာ ၁၆

အကြမ်းဖက်အဖျက်သမား ပြည်ပြေးများနှင့် သောင်းကျန်းသူများသည် ပြည်တွင်းပြည်ပ ချိတ်ဆက်လျက် ဖောက်ခွဲဖျက်ဆီးမှုများ၊ ဆူပူအုံကြွမှုများ ချိန်ကိုက်လုပ်ဆောင်ကာ ပြည်သူတို့၏ ဘဝလုံခြုံအေးချမ်းမှုများ ပျက်ပြားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဆက်စပ်ဖော်ထုတ်ရရှိသော သတင်းများအရ တစ်ဖက်နိုင်ငံ နယ်စပ်ဒေသများတွင် ပုန်းအောင်းလှုပ်ရှားလျက်ရှိသည့် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် ပြည်တွင်းရှိ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုများ အပါအဝင် ဆန့်ကျင်ဘက်အဖွဲ့အစည်းအချို့နှင့် ဆက်သွယ်မှုများပြုလုပ်၍ အကြမ်းဖက်အဖျက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာတွင် အောက်တိုဘာ ၁၄ ရက် ည ၁၀ နာရီခန့်က ပဲခူးတိုင်း ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် ဦးစံကျော်လမ်းနှင့် စာတိုက်လမ်းထောင့်မှ အာသောကာရုံ ဘုန်းကြီးကျောင်းအနီးရှိ နှစ်ခန်းတွဲပျဉ်ခင်း၊ ပျဉ်ကာ၊ တောင်ထန်းမိုး အဆောက်အအုံငယ်တစ်ခု၏ ရှေ့ကပြင်၌ အသေးစားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း။

ဗုံးပေါက်ကွဲမှုကြောင့် အဆောက်အအုံ၏ ရှေ့ကပြင် ပြိုကျပျက်စီးသွားသော်လည်း ဗုံးပေါက်ကွဲချိန်တွင် အဆိုပါ အဆောက်အအုံအတွင်း လူတစ်ဦးတစ်ယောက်မျှမရှိသဖြင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ဗုံးအစိတ်အပိုင်းများအား ဆက်စပ်စစ်ဆေးချက်အရ သောင်းကျန်းသူများ အသုံးပြုသော လက်လုပ်ဗုံးအမျိုးအစားဖြစ်ပြီး ယမ်းပြင်း၌ ပစိုင်မာတပ်၍ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုလုပ်ရပ်များအပေါ် ဒေသခံများနှင့် ပြည်နယ်၊ တိုင်း ဒေသအသီးသီးတို့မှ ပြည်သူလူထုက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် သတင်းကွင်းဆက်ရရှိရေး လုံခြုံရေးတာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ် တက္ကသိုလ်ဝင်တန်းအောင် သားသမီးများအား ဂုဏ်ပြု

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ ပညာသင်ထောက်ပံ့ကြေးနှင့် ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်အောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များ အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ရက် နံနက်ရနာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်မှုကော်မတီနာယက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အစီအစဉ်အရ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် **(အပေါ်ပုံ)**က အမှာစကား ပြောကြား သည်။ ဆက်လက်၍ဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးရှင်များ၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက လေးဘာသာနှင့် နှစ်ဘာသာ ဂုဏ်ထူးရှင်များ၊ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရိုးရိုးအောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဆုများ အသီးသီးချီးမြှင့်ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် ခြောက်ဘာသာဂုဏ်ထူးရှင် မနန်းမြစန္ဒာထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပြုလွှာပေး

ထို့နောက် မသန်စွမ်း စစ်သည်များအတွက် အလှူငွေ ပေးအပ်ပွဲနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သစ်၊ အရန်အဖွဲ့ဝင်များ၏ အဆိုပြုလွှာများပေးအပ်ပွဲ ကျင်းပရာ ဝန်ကြီးက အဆိုပြုလွှာများလက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နှစ်ဖက်သော မိဘ များ နှင့် ခင်ပွန်းဦးမျိုးချစ် သားကိုကိုနိုင်၊ ညီညီနိုင် တို့အား ရည်စူး၍ ရန် ကုန် မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် ၁၁၂ လမ်း အမှတ် ၁၁ (ဒု–ထပ်)နေ ဒေါ်နိုင်နိုင် မိသားစုက ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဦးသီလစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး အလေးထား အရေးပေါ်မီးပျက်ပါက အမြန်ဆုံးဆောင်ရွက် ပြည်သူများငွေပေးသွင်းရာ၌ အဆင်ပြေစေရေးဦးစားပေး

ရန်ကုန် အောက်တိုဘာ ၁၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် စိန်ပန်းမြိုင် ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ခွဲရုံ၏ Switch Yard အတွင်း ချွတ်ယွင်းသွားသော 30 MVA ထရန်စဖော်မာကို ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဓာတ်အားခွဲရုံမှူး ဦးမြတ်နိုင်ဦးက ထရန်စဖော်မာ ချွတ်ယွင်းလျက်ရှိသော်လည်း ဓာတ်အားပြတ်တောက်မှုမရှိစေဘဲ R.I.R ရွာမဓာတ်အားလိုင်းမှရယူ၍ ဓာတ်အားပေးထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး စိန်ပန်းမြိုင်ဓာတ်အားခွဲရုံအတွင်း(အပေါ်ပုံ) လျှပ်စစ်ဓာတ်အားပေးထားမှုအခြေအနေများ၊ ဓာတ်အားလိုင်းများအတွင်း ဝန်အားသုံးစွဲစီးဆင်းနေမှု၊ လှော်ကားနှင့်သာကေတ စက်ရုံများမှ လက်ခံရရှိသော ဗို့အားနှင့်စိန်ပန်းမြိုင် ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းတစ်ခုခြင်း Pennel တစ်ခုချင်းရှိ ဗို့အားအခြေအနေများနှင့် ဝန်အားသုံးစွဲမှုများကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–အင်းစိန်လမ်းနှင့် ကန်လမ်းထောင့်ရှိ လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး အရေးပေါ်မီးပျက်ပြုပြင်ရေးဌာန၌ အရေးပေါ်ဓာတ်အားပြတ်တောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး အရေးပေါ်မီးပျက်ခြင်းဖြစ်ပေါ်ပါက အမြန်ဆုံး အလေးထားဆောင်ရွက်ပေးနိုင်ရန်မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က လှိုင်မြို့နယ်အတွင်းသို့ R.I.R ဓာတ်အားခွဲရုံ၊ စိန်ပန်းမြိုင်ဓာတ်အားခွဲရုံနှင့် မရမ်းကုန်းဓာတ်အားခွဲရုံတို့မှ ဓာတ်အားလက်ခံရယူ၍ မြို့နယ်အတွင်းရှိ ထရန်စဖော်မာ ၁၉၆လုံးဖြင့် ဓာတ်အားသုံးစွဲသူများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုများ၊ ဗို့အားကျဆင်းမှုကို ဗို့အားပြည့်ဝစွာ ရရှိရေးအတွက် System Improvement လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှန်မှန်ကန်ကန်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ငွေသွင်းကောင်တာကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ လာရောက်ငွေပေးသွင်းရာတွင် ပြည်သူများအားအဆင်ပြေချောမွေ့စေရေးကို ဦးစားပေး ဆောင်ရွက်စေလိုကြောင်း၊ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ရင်ပြင်တော်ရှိ ယက္ကန်းစင်တောင် ဆရာတော်ဗိမာန်နှင့် ဝသုန္ဒြေနတ်နားဗိမာန်တော်အတွက် ရန်ကင်းမြို့နယ် အမှတ် ၈၉ ဘူတာရုံလမ်းနေ ဦးစိုးသန်း–ဒေါ်စန်းစန်းယဉ်အေး သမီးကုမုန္ဒြာစိုး၊ စုမုန္ဒြာစိုး (ရွှေသူကြွယ် စိန်ရွှေရတနာဆိုင်)က အလှူတော်ငွေကျပ် ၁၈၆၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အတွင်းရေးမှူး ဦးဝင်းမြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရွှေမင်းဝံသာသနာ့ရိပ်သာ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၏ (၂၄)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်၉နာရီက မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောဘနထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်နှင့် ဇနီး သီရိသုဓမ္မသင်္ဂဇော်ဂီ ဒေါ်တင်တင်ဝေ၊ ရွှေမင်းဝံ သာသနာ့ရိပ်သာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သောင်း၊ ပုညေသီ အမျိုးသမီးဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ သီရိသုဓမ္မသင်္ဂဇော်ဂီ ဒေါ်ခင်တင့်တို့က ဆရာတော်၊ သံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်ကြသည်။

ရေစက်သွန်းချ

ယင်းနောက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ညောင်ကန်အေး ဆရာတော်က အနုမောဒနာတရားဟောကြားပြီး ဒွေ့ပရိသတ်တို့က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၉၈၇–၁၉၉၁ ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၇ရက်က ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပစဉ်။ (က–ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၌ တရားစခန်းပွဲများ တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိရာ အောက်တိုဘာ ဒုတိယပတ်အဖြစ် ၂၀ ရက်မှ ၂၉ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ထူးကြီးဆရာတော် ဦးကုန္ဒာဝုဓာဘိဝံသက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်ရောက် ဝိပဿနာတရား အားထုတ်တော်မူကြမည့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်ယောဂီများအတွက် ဆွမ်းစရိတ် အလှူတော်ငွေများကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နေ မိုးကုတ်ယောဂီများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း)၊ ဒေါ်သီသီထိုက် သားသမီးမြေးများက လှူဒါန်းမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း–၅၄၁၈၆၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မိမိတို့လိုအပ်ချက်နှင့်နိုင်ငံတော်တစ်ရပ်လုံးလိုအပ်ချက်များကို လက်တွေ့ကျကျလေ့လာဆန်းစစ်တွက်ချက်ထုတ်လုပ် ပုံသဏ္ဌာန်နှင့် အရည်အသွေး အမြဲတိုးတက်ကောင်းမွန်နေရန်သုတေသနပြု

နေပြည်တော် အောက်တိုဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ လျှပ်စစ်ဓာတ်အားပေးစက်ထုတ်လုပ်ရေးစက်ရုံ(ဆင်တဲ)နှင့် လျှပ်စစ်မီတာ ထုတ်လုပ်ရေးစက်ရုံ(ဆင်တဲ) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီတွင် အဆိုပါစက်ရုံ၏ မင်္ဂလာမုခ်ဦး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားများမစတင်မီ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့အား အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က ဝန်ကြီးဌာန၏လုပ်ငန်းဆောင်ရွက်မှုများ၊ လျှပ်စစ်ဓာတ်အားပေးစက်ထုတ်လုပ်မှုစက်ရုံနှင့် လျှပ်စစ်မီတာထုတ်လုပ်မှုစက်ရုံတို့၏ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စက်ပစ္စည်းရောက်ရှိမှုနှင့် စက်တပ်ဆင်ခြင်း၊ စက်များစမ်းသပ်လည်ပတ်ခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်းနှင့် ဆက်လက်ထုတ်လုပ်မှုတို့ကို ရှင်းလင်းတင်ပြသည်။

မှန်မှန်ကန်ကန်ထုတ်လုပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းကရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ စက်ပစ္စည်းများထုတ်လုပ်ရာ၌ မိမိတို့၏ လိုအပ်ချက်နှင့်နိုင်ငံတော်တစ်ရပ်လုံး၏ လိုအပ်ချက်များကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် လေ့လာဆန်းစစ် တွက်ချက်ထုတ်လုပ်ရန်လိုကြောင်း၊ မိမိတို့ ထုတ်လုပ်လိုက်သောပစ္စည်းများကို ပုံသဏ္ဌာန်အရရော အရည်အသွေးအရပါ အမြဲတိုးတက်ကောင်းမွန်နေရန် သုတေသနပြုရန်လိုအပ်ကြောင်း၊ဝန်ကြီးဌာနများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံမက ပြည်သူများ၏ လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက် ကြိုးပမ်းထုတ်လုပ်ကြရေး မှာကြားသည်။

ယင်းနောက် အစီအစဉ်အရ လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်မှုစက်ရုံဖွင့်ပွဲ အခမ်းအနားကို အဆိုပါစက်ရုံရှေ့ရှိ မင်္ဂလာမုခ်ဦး၌ စတင်ကျင်းပရာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery Import and Export Corporation မှ မန်နေဂျင်းဒါရိုက်တာ Mr. Zhao Shimin တို့က လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်မှုစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်မှုစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စက်ရုံအတွင်း ခင်းကျင်းပြသထားသည့် စက်ရုံမှ ထုတ်လုပ်သော နည်းပညာအဆင့်မြင့် Brush Less Type Generator နှင့် ပြင်ပဈေးကွက်ရှိ ပြည်ပနိုင်ငံများမှ ထုတ်လုပ်သည့် Brush Type Generator များ၏ အားသာချက်နှင့် ကွာခြားချက်ပြကွက်များထုတ်ပေးရန် အဆင့် စမ်းသပ်ပြီးလျှပ်စစ်ဓာတ်အားပေးစက်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များအား အရည်အသွေးကောင်းမွန်မှု ရှိမရှိ မောင်းနှင်စမ်းသပ်ခြင်းလုပ်ငန်း၊ နောက်ဆုံးအဆင့်တပ်ဆင်ခြင်းလုပ်ငန်း၊ မီးစက်များဆေးမှုတ်ခြင်းလုပ်ငန်း၊ သံပြားများကို ဖြတ်တောက်/ဂဟေဆော်ခြင်းလုပ်ငန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများကို စက်ခုတ်စားခြင်းလုပ်ငန်း၊ မျက်နှာပြင်အချောစက်ခုတ်စားခြင်းလုပ်ငန်း၊ အပေါက်ဖောက်ခြင်းလုပ်ငန်း၊ ကျောက်စက်အချောတိုက်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့်ဌာနဆိုင်ရာအကြီးအကဲများကလိုက်လံရှင်းလင်းပြသသည်။

အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ထုတ်လုပ်မှုစက်ရုံမှ လျှပ်စစ်ဓာတ်အားပေးစက်ထုတ်လုပ်မှုတွင် စက်ရုံမှ ထုတ်လုပ်သည့်ပစ္စည်း ၄၁ မျိုးရှိပြီး အများစုကို ဤစက်ရုံ၌ပင် ထုတ်လုပ်ဆောင်ရွက်နိုင်ကြောင်း။

အဆိုပါစက်ရုံမှ 5 KW နှင့် 10 KW Single Phase Generators များနှင့် 20 KW, 30 KW, 50 KW နှင့် 100 KW Three Phase Generators များ ထုတ်လုပ်နိုင်ပြီး ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နှစ်လုံး Generators အလုံးပေါင်း ၁၈၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရှိရသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် လျှပ်စစ်မီတာထုတ်လုပ်မှုစက်ရုံ ဖွင့်ပွဲအခမ်းအနားကို အဆိုပါစက်ရုံ၏ မင်္ဂလာမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ Angelique International Co.,Ltd. မှ Vice President Mr. Pradeep Arya တို့က စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လျှပ်စစ်မီတာ ထုတ်လုပ်မှုစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် လျှပ်စစ်မီတာ ထုတ်လုပ်မှုစက်ရုံအတွင်း တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဌာနဆိုင်ရာအကြီးအကဲများနှင့် အထွေထွေမန်နေဂျာ ဦးသစ်လွင်လေးတို့က လိုက်လံရှင်းလင်းပြသကြပြီး စက်ရုံများဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လျှပ်စစ်မီတာ ထုတ်လုပ်မှုစက်ရုံတွင် စက်ထိုင်တပ်ဆင်စမ်းသပ်လည်ပတ်ပြီး၍ Three Phase Watt Hour Meter စမ်းသပ်ထုတ်လုပ်ခြင်းကို အိန္ဒိယသမ္မတနိုင်ငံမှ ပညာရှင်များဖြင့် ၂၂-၉-၂၀၀၅ရက်မှ စတင်ဆောင်ရွက်ရာ ၂၂-၁၀-၂၀၀၅ ရက်တွင် Three Phase Watt Hour Meter အလုံး ၂၀၀ ကို စမ်းသပ်ထုတ်လုပ်ပြီးဖြစ်သည်။

Three Phase Watt Hour Meter ထုတ်လုပ်မှုတွင် လိုအပ်သော Component Parts များ၏ ရာခိုင်နှုန်း ၈၀ ကို ပြည်တွင်း၌ပင် ပြုလုပ်တပ်ဆင်နိုင်ပြီးဖြစ်ရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ လိုအပ်ချက်နှင့်အညီ လျှပ်စစ်မီတာများနှင့် စက်မှုလုပ်ငန်းသုံးအတွက် လိုအပ်သော Three Phase Watt Hour Meter များကို စဉ်ဆက်မပြတ် ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားမှာ တစ်နှစ်လျှင် မီတာအလုံးပေါင်း ၁၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေး အားသွန်ခွန်စိုက်ဆောင်ရွက် လုံခြုံရေးကောင်စီ၌ဆွေးနွေးရေးဟူသောအမေရိကန်၏တင်ပြချက် ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်သာချောင်ချိရေးအဖွဲ့ကကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် M.T.A (ဟိုမိန်း)ဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၃၀ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါသဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

M.T.A(ဟိုမိန်း)ဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၏

သဘောထားကြေညာချက်

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

ကျွန်ုပ်တို့၏မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိပြီး ယခုအခါတွင် နိုင်ငံတော်အစိုးရက နိုင်ငံနှင့်အဝန်း ဖွံ့ဖြိုးမှုလုပ်ငန်းများ တစ်ပြေးညီတိုးတက်ရေးအတွက် စီမံချက်များချမှတ်၍ အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည်ကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံအား ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသားပေါင်းစုံနှင့် လူမှုအဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ်ကြီးများ ပါဝင်လျက်ရှိရာ ယခုအခါတွင် အတော်ခရီးရောက်လျက် ရှိနေပြီဖြစ်ပါသည်။

ဤကဲ့သို့ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးလုပ်ငန်းများအားသွန်ခွန်စိုက် ဆောင်ရွက်နေစဉ်ကာလအတွင်း ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ ကုလသမဂ္ဂကိုယ်စားလှယ်မှ မြန်မာနိုင်ငံ၏အခြေအနေသည် ဒေသတွင်းတည်ငြိမ်မှုအား ခြိမ်းခြောက်နိုင်သည်ဟုစွပ်စွဲကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံ၏အခြေအနေဟူသော ခေါင်းစဉ်ဖြင့်ဆွေးနွေးရန်ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။

၎င်းကိစ္စသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် တိုင်းရင်းသားပြည်သူတို့ ပူးပေါင်းလျက် ဒို့တာဝန်အရေး(၃)ပါးနှင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို အမေရိကန်နိုင်ငံက လိုလားစိတ်မရှိဘဲ အရှိန်အဟုန် ရပ်တန့်စေရန် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်းသာဖြစ်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံ၏အခြေအနေခေါင်းစဉ်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးရေးဟူသော အမေရိကန်၏တင်ပြချက်အား ကျွန်ုပ်တို့မှ လုံးဝလက်မခံဘဲ အပြင်းအထန်ကန့်ကွက်ကြောင်း ကြေညာလိုက်ပါသည်။

မဟာဂျာ

ဥက္ကဋ္ဌ

ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့်သက်သာချောင်ချိရေးအဖွဲ့

ဗဟိုကော်မတီ

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ် ပွဲစဉ် (၈) ဆက်လက်ယှဉ်ပြိုင် ဘော်လ်တန်ကအဝေးကွင်း၌ နယူးကာဆယ်ကိုနိုင်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၁၆

ပရီမီယာလိဂ် ပွဲစဉ်(၈) လက်ကျန်ပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနှင့် ဘော်လ်တန်အသင်းတို့သည် အောက်တိုဘာ ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘော်လ်တန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစလျှင်စချင်း နယူးကာဆယ်အသင်းက အိမ်ကွင်းအားသာချက်ဖြင့် ဖိကစားလာသည်။ ပွဲချိန် ၁၉မိနစ်တွင် ပယ်နယ်တီကန်ခွင့် ရရှိသည်။ ယင်းပယ်နယ်တီကို အမီယိုဘီ သွင်းယူရာမှ ဂိုးစတင်ရရှိခဲ့သည်။

ချေပဂိုး

ဘော်လ်တန်တို့ ချေပဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားသော်လည်း ပထမပိုင်းပြီးသည်အထိ ဂိုးမရခဲ့ပေ။ ဒုတိယပိုင်းတွင်ဘော်လ်တန်တို့အသင်း လိုက် ဖိကစားလာရာ ပွဲချိန် ၅၅ မိနစ်တွင် ဒိုင်အုတ်က ဘော်လ်တန်အတွက် ချေပဂိုး စတင်သွင်းယူခဲ့သည်။

အနိုင်ဂိုး

ယင်းဂိုးသွင်းပြီး နှစ်မိနစ်အကြာ ဒိုင်အုတ်ကပင် ဘော်လ်တန်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၈) အပြီး အသင်းများ၏ ရပ်တည်မှုကို **(ယာ)** ဇယားအတိုင်း ဖော်ပြလိုက်ပါသည်။

ဘော်လ်တန်အသင်းမှ အနယ်ကာ၏ ထိုးဖောက်မှုကို နယူးကာဆယ်ကစားသမားခရစ်မိုးရီ ဤသို့ဟန့်တားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
မန်ယူ	၈	၆	၁	၁	၁၇	၅	၁၉
ချယ်လ်ဆီး	၈	၆	၁	၁	၁၃	၄	၁၉
ဘော်လ်တန်	၈	၅	၂	၁	၉	၄	၁၇
ပို့စ်မောက်	၈	၅	၁	၂	၁၂	၃	၁၆
အာဆင်နယ်	၇	၄	၂	၁	၁၁	၄	၁၄
အက်စ်တွန်ဗီလာ	၈	၃	၅	၀	၁၀	၅	၁၄
အဲဗာတန်	၈	၃	၄	၁	၁၃	၈	၁၃
ရက်ဒင်း	၈	၄	၁	၃	၉	၈	၁၃
ဘလက်ဘန်း	၈	၃	၃	၂	၉	၁၀	၁၂
လီဗာပူး	၈	၃	၂	၃	၉	၉	၁၁
မန်စီးတီး	၈	၂	၃	၃	၆	၉	၉
ဖူလ်ဟမ်	၇	၂	၃	၂	၈	၁၂	၉
မစ်ဒယ်ဘရော့	၈	၂	၂	၄	၈	၁၃	၈
တော့တင်ဟမ်	၈	၂	၂	၄	၅	၁၀	၈
နယူးကာဆယ်	၈	၂	၁	၅	၇	၁၂	၇
ရှက်ဖီး	၈	၁	၃	၄	၄	၁၀	၆
ဝီဂန်	၇	၁	၂	၄	၇	၁၁	၅
ဝက်စ်ဟမ်း	၈	၁	၂	၅	၆	၁၂	၅
ဝက်ဖို့ဒ်	၈	၀	၄	၄	၇	၁၃	၄
ချာလ်တန်	၇	၁	၀	၆	၅	၁၃	၃

(အင်တာနက်)

အခြားပွဲရလဒ်များ

ရီးရဲလ်ဆိုစီဒက် ၁ – ၃ ဇာရာဂိုဇာ
ဗီလာရီးရဲ ၀ – ၀ အက်စ်ပန်ညို
ရီးရဲဘက်တစ် ၁ – ၁ ဒီပို့တီဗို
ဂျင်နက်စတစ် ၂ – ၃ ဘီဘာအို
လီဗန်တေး ၀ – ၁ မာယော့ကာ
အိုဆာဆူနာ ၀ – ၁ ရေးစင်း။ (အင်တာနက်)

စပိန်လာလီဂါပြိုင်ပွဲ ဘာစီလိုနာ နိုင်ပွဲဆက်

မက်ဒရစ် အောက်တိုဘာ ၁၆

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)ပြိုင်ပွဲများကို အောက်တိုဘာ ၁၅ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ချန်ပီယံဘာစီလိုနာ အသင်းက ဆီဗီလာ အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာ အသင်းအတွက် အနိုင်ဂိုးများကို ရိုနယ်ဒင်ဟိုက ပယ်နယ်တီမှ တစ်ဂိုး၊ ပွဲချိန် ၃၉ မိနစ်တွင် တစ်ဂိုး စုစုပေါင်း နှစ်ဂိုး သွင်းယူပေးခဲ့ပြီး ပွဲချိန် ၈၅မိနစ်တွင် မက်ဆီက တစ်ဂိုးသွင်းယူပေးခဲ့သည်။

တန်းစီဇယားထိပ်ဆုံး

ဘာစီလိုနာအသင်းသည် ခြောက်ပွဲကစားအပြီး ငါးပွဲနိုင်၊ တစ်ပွဲ သရေဖြင့် ၁၆ မှတ်ရရှိကာ တန်းစီဇယားထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။

တန်းစီဇယား ဒုတိယနေရာတွင် ရှိနေသော ဗလင်စီယာအသင်းသည် ဆဲလ်တာဗီဂိုအသင်းကို အဝေးကွင်း၌ သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဗလင်စီယာ အသင်းသည် ယခုနှစ်လာလီဂါပြိုင်ပွဲတွင် ခြောက်ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၁၃ မှတ် ရရှိထားသည်။

ချန်ပီယံ ဘာစီလိုနာက သုံးမှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

အီတလီစီးရီးအေဘောလုံးပွဲများယှဉ်ပြိုင် အင်တာမီလန်အသင်း ထိပ်ဆုံးနေရာသို့တက်လှမ်း

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ရောမ အောက်တိုဘာ ၁၆

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆) ပြိုင်ပွဲများကို အောက်တိုဘာ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်အသင်းသည် အိမ်ကွင်း၌ ကာတန်နီယာအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး တန်းစီဇယား ထိပ်ဆုံးနေရာသို့ တက်လှမ်းလာခဲ့သည်။

အင်တာမီလန်တို့အနိုင်ရခဲ့သော်လည်း ကာတန်နီယာအသင်း၏ဦးဆောင်ဂိုးသွင်းယူခြင်းကို ရင်ဆိုင်လိုက်ရသည်။ ကာတန်နီယာ အသင်းအတွက် စသွင်းဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် မက်စ်ကာရာက သွင်းယူ လိုက်ခြင်းဖြစ်သည်။

သွင်းယူ

အင်တာမီလန်အသင်းအတွက် အနိုင်ဂိုးကို စတန်ကိုဗစ်က ဤသို့ မြေမကျဘောဖြင့် သွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

အနိုင်ဂိုးသွင်းယူ

သို့သော်လည်း စတန်ကိုဗစ်က ပွဲချိန် ၂၉ မိနစ်တွင်အင်တာမီလန်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၆၉ မိနစ်တွင် အင်တာမီလန်တို့ ပယ်နယ်တီကန်သွင်းခွင့်ရသော်လည်း ခရစ်ဖ်ကန်သွင်းရာ ဂိုးမဝင်ဘဲ ဖြစ်ခဲ့ရသည်။ အင်တာမီလန်တို့ အနိုင်ဂိုးသွင်းနိုင်ရေး တိုက်စစ်ဆင်ကစားရာပွဲချိန် ၇၆ မိနစ်တွင် စတန်ကိုဗစ်ကပင် ဒုတိယမြောက် အနိုင်ဂိုး သွင်းယူပေးခဲ့သည်။

ထိပ်ဆုံးသို့ရောက်

အင်တာမီလန် အသင်းသည် ခြောက်ပွဲ ကစားရာတွင် လေးပွဲနိုင်၊ နှစ်ပွဲ သရေဖြင့် ၁၄ မှတ် ရရှိကာ တန်းစီဇယားထိပ်ဆုံးသို့ ရောက်ရှိလာသည်။

ပွဲစဉ်(၅)အပြီး တန်းစီဇယားကို ထိပ်ဆုံးမှ ဦးဆောင်ခဲ့သော ရိုးမားအသင်းသည် ရက်ဂျီးနားအသင်းကို အဝေးကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ရက်ဂျီးနားအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို အမိုရူဆိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပွဲမှာ ရက်ဂျီးနား၏ ပထမဆုံးအနိုင်ပွဲဖြစ်သည်။

ရှုံးနိမ့်

ထို့အတူ ပွဲစဉ်(၅) အပြီး တန်းစီဇယား ဒုတိယနေရာတွင်ရှိနေသော ပါလာမိုအသင်းသည်လည်း အတ္တလန္တာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အနိုင်ရ

ယခုပွဲစဉ်(၆)တွင် အဝေးကွင်း ဂိုးသွင်း စံချိန်တင်သော အသင်းမှာ အူဒီးနိစ်အသင်းဖြစ်သည်။ အူဒီးနိစ်အသင်းသည် အဝေးကွင်း၌ ပါးမားအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အခြားပွဲများ

အက်စ်ကိုလီ ၀–၂ လီဗော်နို
အမ်ပိုလီ ၁–၂ ဖီအိုရင်တီးနား
တိုရီနို ၁–၀ ချီယေဗို။

(အင်တာနက်)

ကရင်မလင်ဖလား တင်းနစ်ပြိုင်ပွဲ ရုရှားဆယ်ကျော်သက်တင်းနစ်မယ်ဖိုလ်စွဲ

ကရင်မလင်ဖလား တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရ ဖိုလ်စွဲသွားသော ချတ်ဗီတက်ဇီအား ဆုဖလားနှင့်အတူ ဤသို့ ပြုံးရွှင်စွာ တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

မော်စကို အောက်တိုဘာ ၁၆

ရုရှားဆယ်ကျော်သက် တင်းနစ်မယ် အန်နာချတ်ဗီတက်ဇီသည် ကရင်မလင်ဖလား တင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသူ ပီထရိုဗာအား အနိုင်ရပြီး ဆုဖလား ဆွတ်ခူးသွားခဲ့သည်။

ဆွတ်ခူးနိုင်ခဲ့

အသက် ၁၉နှစ်ရှိ အဆိုပါ တင်းနစ်မယ်သည် ပီထရိုဗာအား ၆–၄၊ ၆–၄ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော နှစ်ပတ်က ပေကျင်း အိုးပင်းတွင် ဖိုလ်စွဲခဲ့ပြီးနောက် ဒုတိယမြောက်ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပီထရိုဗာသည် ယင်းပြိုင်ပွဲတွင် ဒဏ်ရာရထားသဖြင့် ကောင်းစွာမကစားနိုင်ခဲ့ပေ။ ချတ်ဗီတက်ဇီသည် ယင်းပြိုင်ပွဲကို တစ်နာရီခွဲကြာကစားပြီး နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။

ဝမ်းသာပီတိဖြစ်

ပီထရိုဗာသည် ရာနှုန်းပြည့် ကောင်းစွာမကစားနိုင်ခဲ့၍ မိမိယနေ့ကံကောင်းခဲ့ကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ အမိနိုင်ငံ၏ဖလားကို ဆွတ်ခူးနိုင်ခဲ့၍ ဝမ်းသာပီတိဖြစ်မိကြောင်း ချတ်ဗီတက်ဇီက ပြောကြားသည်။

(အင်တာနက်)

အေးချမ်းအောင်မြင်ငွေကျောင်း (ဆဌမ)အကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လျာ သင်္ကန်းကပ်လှူပွဲ

ဖိတ်ကြားလွှာ

အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားကြီးအား အမှူးထား၍ အေးချမ်းအောင်မြင် ငွေကျောင်းတွင် ဝါကပ်တော်မူခဲ့ကြသော မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တသုဂန္ဓ၊ ညီတော်ဆရာတော် ဘဒ္ဒန္တဇောတိက တို့အား ဦးထိပ်ထားပြီး ကျောင်းရှိ သံဃာတော် ကိုးပါးနှင့် ပင့်သံဃာ၁၀၈ပါးတို့အား ဘုံကထိန်လျာ သင်္ကန်းကို စုပေါင်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပါသဖြင့် ပူးတွဲပါ အစီအစဉ်အတိုင်း ကြွရောက်ကြည်ညို သဒ္ဓါပွား လှူဒါန်းနိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

အေးချမ်းအောင်မြင်ငွေကျောင်း ဆဌမ အကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်းကပ်လှူပွဲ ဖြစ်မြောက်ရေးကော်မတီ

အစီအစဉ်

ကပ်လှူမည့်နေ့ရက်	–၂၂–၁၀–၂၀၀၆ (တနင်္ဂနွေနေ့) (တန်ဆောင်မုန်းလဆန်း ၂ရက်)
ကပ်လှူမည့်အချိန်	–နံနက် ၉း၃၀နာရီတိတိ
ကပ်လှူမည့်နေရာ	–အေးချမ်းအောင်မြင် ငွေကျောင်း နေမျိုးသူရလမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်။
ညှော့ခံချိန်	–နံနက် (၈)နာရီမှ မွန်းလွဲ (၁)နာရီအထိ ထမင်းဟင်းများဖြင့် ညှော့ခံ ကျွေးမွေးပါမည်။

ဆက်သွယ်လှူဒါန်းရန်– ၀၉ ၅၁၅၀၂၇၄၊ ၀၉ ၅၀၀၂၆၈၃၊ ၅၅၆၆၆၆၊ ၇၂၄၄၈၂။

ကျေးဇူးတင်လွှာ

၁၅–၁၀–၂၀၀၆ရက် ယုဇနဂါးဒင်းဟိုတယ်တွင် ကျင်းပသော **မောင်အောင်ကျော်ဦး** နှင့် **မမြနှင်းအေး** တို့၏ မင်္ဂလာ ညှော့ခံပွဲအခမ်းအနား၌ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းအားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့် ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ညှော့ပရိသတ်တို့ အားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်နိုင်ခြင်းမရှိ သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသောလူကြီးမင်းများအား လည်းကောင်း၊ ယုဇနဂါးဒင်းဟိုတယ်မန်နေဂျာနှင့် အဖွဲ့အား လည်းကောင်း၊ ၁၃–၁၀–၂၀၀၆ရက် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်း အနား၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်အားလည်းကောင်း၊မြရိပ်ညို ရွှင်ရယ်ဟိုတယ် မန်နေဂျာ ဦးထွန်းဝင်းဟံနှင့် အဖွဲ့အားလည်း ကောင်း၊ မိတ်ကပ်အလှဆင်နှင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးသော အာရှအကောင်းဆုံးမိတ်ကပ်ကျွမ်းကျင် ရွှေတံဆိပ်ဆုရှင် တိုးတိုး (Covermark)နှင့်အဖွဲ့အားလည်းကောင်း၊ ဗီဒီယို၊ ဓာတ်ပုံတို့ဖြင့် မှတ်တမ်းတင်ပေးသော ဦးစိုင်းဘုန်းထူးနှင့် အဖွဲ့အားလည်း ကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ အားလုံး အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်ဦး–မမြနှင်းအေး။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Senior Accountant ကျား/မ (၁)ဦး
– B.Com / LCCI III / DA

– လုပ်သက်(၅)နှစ်ရှိရမည်။ နှစ်ချုပ်စာရင်းရေးဆွဲနိုင်ရမည်။ Computer ကျွမ်းကျင်ရမည်။

– အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း မိမိ၏ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ နှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ (ရဲစခန်း)၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ Aung Aung Enterprise Ltd. အမှတ် ၄၀၈/၄၁၀၊ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့်၊ Samsung Plaza သုံးထပ်သို့ လျှောက်ထားနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
နေပြည်တော်

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် ရွှေသတ္တုတူးဖော်လုပ်ကိုင်လိုသူ နိုင်ငံသား ပြည်တွင်းကုမ္ပဏီများနှင့်ပူးပေါင်းပြီး စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်ရှိ ကျောက်ပုထိုးရွှေထုတ်လုပ်ရေး သတ္တုတွင်းအား ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) သတ္တုတွင်းအမည် – ကျောက်ပုထိုးရွှေထုတ်လုပ်ရေးသတ္တုတွင်း
(ခ) ဧရိယာအကျယ်အဝန်း – ၂ ဒသမ ၆၆ စတုရန်းကီလိုမီတာ
(ဂ) ပျမ်းမျှရွှေပါဝင်နှုန်း – ၃ ဂရမ်/တန် (3 ppm)

၂။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်လိုသည့် နိုင်ငံသားပြည်တွင်းကုမ္ပဏီများသည် အနည်းဆုံး အမေရိကန်ဒေါ်လာ နှစ်သန်းရင်းနှီးမြှုပ်နှံနိုင်ရမည်။ နိုင်ငံသားပြည်တွင်းကုမ္ပဏီများသည် မှတ်ပုံတင်ကြေး ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှင့် အဆိုပြုလွှာတစ်စုံလျှင် ကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ပေးသွင်းပြီး ပုံစံဖြည့်စွက်ရပါမည်။ ဈေးပြိုင်စနစ်ဖြင့် အဆိုပြု လျှောက်လွှာများကို ချိပ်ပိတ်လျက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း နေပြည်တော်(ရုံးချုပ်)သို့ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၀ရက် ၁၈း၀၀နာရီတွင် နောက်ဆုံးထား၍ ပေးသွင်းရပါမည်။ တင်သွင်းသော အဆိုပြုလွှာများကို သတ္တုတွင်းဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားသောအဖွဲ့ဖြင့် စိစစ်ပြီး စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း၊ အများဆုံး ဈေးနှုန်းပေးသွင်းသူဖြစ်ခြင်းတို့အား ဦးစားပေးရွေးချယ်ပါမည်။

၃။ ချိပ်ပိတ်တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ နေပြည်တော်(ရုံးချုပ်) ဖုန်း–၀၆၇–၄၀၉၀၁၃၊ ၀၆၇–၄၀၉၃၈၇၊ ၀၆၇–၄၀၉၃၈၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇာနည်တင်မြင့် ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ် အမှတ်–၁၆၇၆၄၀သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၆၈၁၆၅၂။**

ယခင်လ လူပြည့်၍ မတက်ရသူများအတွက်
အရုဏ်ဦး ဆေးဝါးနားလည်မှုသင်တန်း

ဆေးဆိုင်ဖွင့်လိုသူများနှင့် ဆေးကုမ္ပဏီ ဖွင့်လိုသူများအတွက် တစ်လ အမြန်သင်တန်း ၂၀–၁၀–၂၀၀၆ရက်စပြီ၊ **အရုဏ်ဦး** ထုံးစံအတိုင်း အလွယ်တကူနှင့် အခြေခံကျကျ နားလည်စေရန် သင်ကြားသည်။ နှစ်ရက် အစမ်းတက်၍ရသည်။ ဆရာဝန်ကြီးများကသာ သင်ကြားသည်။
(စုံစမ်းရန် – နံနက် ၁၀နာရီမှ ညနေ ၄နာရီ)
တိုက်၁၈၊ လေးလွှာ၊ ကမာရွတ်လှည်းတန်းလမ်းမ(လှည်းတန်းဈေးကြီးနှင့်မီးပွိုင့်ကြား)

ကျေးဇူးဆပ်ပါမည်

ကျွန်မ တင်နွယ်နွယ်လှိုင် ကိုင်ဆောင်သော P.P No-296672 သည် ကမာရွတ်မြို့နယ်အတွင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း–၇၀၇၇၃၆။**

စိတ်ထား ကြံ့ခိုင် ပန်းတိုင် ချီတက် အောင်ပွဲဆက်

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မုဒုံ၌ ကျင်းပ အဘိုး၊ အဘွားများအတွက် ဝတ်စုံများပေးအပ်လှူဒါန်း

မုဒုံ အောက်တိုဘာ ၁၃

၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့နှင့်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၁ရက်က မွန်ပြည်နယ် မုဒုံမြို့ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဧတ္တာဥက္ကဋ္ဌအုပ်ချုပ်ရေးမှူးဦးအောင်ဌေးဝင်းနှင့် မုဒုံမြို့ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးပိုးရီတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မုဒုံမြို့နယ်မှ အလှူရှင် ၃၃ ဦးတို့က လှူဒါန်းငွေကျပ် ၃၂၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မုဒုံမြို့ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးပိုးရီ၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြင့်ဦး၊ ဘိုးဘွားရိပ်သာ ကော်မတီဝင် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် ကော်မတီဝင်များက လက်ခံကြပြီး ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။**(အပေါ်ဝဲပုံ)**

ယင်းနောက် မုဒုံမြို့ ကန်ကြီးဘုရားကျောင်းတိုက်မှ ဆရာတော်သံဃာတော်များအား အဘိုး၊ အဘွားများက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်ကြသည်။

ဆက်လက်၍ အလှူရှင်များနှင့် အဘိုး၊ အဘွားများက ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

ထို့နောက် မုဒုံမြို့ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီသို့ အလှူရှင်များက အဘိုး အဘွား ၂၂ ဦးတို့အတွက် ငွေကျပ် ၂၀၀၀၀၀ ကျော်တန်ဖိုးရှိ ဝတ်စုံများကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ထူးချွန်ဆုရ အသင်းဝင်ကျောင်းသားကျောင်းသူများဆုပေးပွဲကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ ဖွင့်လှစ်ခဲ့သော အခြေခံသတင်းစာသင်တန်း အမှတ်စဉ်(၃)တွင် ဒုတိယဆုရ မော်လမြိုင်ခရိုင်အသင်း တွဲဖက်အတွင်းရေးမှူးဦးလွင်မိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၆၈)

မိုင်းဖြတ်ခရိုင်မိခင်/ကလေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကွင်းဆင်းဆွေးနွေး အရည်အသွေးမြင့်မားရေး ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်

မိုင်းယု အောက်တိုဘာ ၄

မိုင်းဖြတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွှန့်သည် တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းကိန်ဟွမ်လိုက်ပါလျက် စက်တင်ဘာ၂၁ရက်က မိုင်းယုမြို့သို့ ရောက်ရှိပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးသည်။**(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ချောစုမျိုးညွှန့်က အသင်းဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ အရည်အသွေး မြင့်မားရေး၊ ရှေ့လုပ်ငန်းစဉ်များ သွက်လက်ထက်မြက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးကြသည်။

လက်ခံယူ

ဆက်လက်၍ မိုင်းယောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလှိုင်က ဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ဆွေးနွေးပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ချောစုမျိုးညွှန့်က အသင်းဝင်ဝတ်စုံများကို ပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ပြင်ဦးလွင် စက်တင်ဘာ ၂၀

စတုတ္ထနှစ်ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် အသက်ငါးနှစ်အောက်ကလေးတိုင်း ပိုလီယိုကာကွယ်ဆေးများကို စက်တင်ဘာ ၃ရက်က ပြင်ဦးလွင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာ သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်းတိုက်ကျွေးကြသည်။

ပိုလီယို ကာကွယ်ဆေးများ တိုက်ကျွေးရာတွင် ရပ်ကွက်ကြီး(၂) နယ်မြေအတွင်း၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်မောင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ခရိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်းပြီး ရပ်ကွက်နေရာအသီးသီး၌ ရင်သွေးငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေး ကြသည်။ **(၂၈၀)**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့ဝင်ဆိုင်းဘုတ်တွင် မြေခင်းအလှပြင်ဆင်ခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ စက်တင်ဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၀၈)

ညောင်ရွှေမြို့သာယာရေး ပျိုးပင်များပျိုးထောင်

ညောင်ရွှေ စက်တင်ဘာ ၂၅

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ရက်က လမ်းဘေးဝဲယာတစ်လျှောက် ပန်းများ အမြဲဖူးပွင့်စေရေး၊ ပျိုးဥယျာဉ်တွင် ပျိုးပင်များ အမြဲမပြတ်ရှိနေစေရန်အတွက် မြေဆွေးများဆန်ခါချခြင်း၊ ပျိုးအိတ်ထုပ်ခြင်းနှင့် ပျိုးပင်များပျိုးထောင်ခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးမောင်တိုး ကြီးကြပ်ဆောင်ရွက်ပေးသည်။

(နယ်စပ်/စည်ပင်)

အောင်မြေသာစံ မိခင်/ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးပညာပေး၊ စာရေးကိရိယာများထောက်ပံ့

မန္တလေး စက်တင်ဘာ ၃၀

မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက မြို့နယ်အတွင်းရှိကျောင်းများ ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ ပံ့ပိုးရန် လိုအပ်သော ကျောင်းသားကျောင်းသူများ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ၇ရက် နံနက်က ပုလဲငွေရောင်အမှတ်(၄) အလယ်တန်းကျောင်းတွင် ကျင်းပသည်။

ပညာပေးဟောပြော

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို ပန်းချီကားချပ်နှင့်တကွ ဟောပြောပြီး မြို့နယ်အသင်းအမှုဆောင် ဒေါ်နန်းချစ်စိန်က ကျောင်းသား ကျောင်းသူများနှင့် ပတ်သက်၍ သိကောင်းစရာများကို ပညာပေး ဟောပြောသည်။

ထို့နောက် ပံ့ပိုးရန် လိုအပ်သော ကျောင်းသားကျောင်းသူလေးများအား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကွန်ပါဘူးများကို မြို့နယ်အသင်းဥက္ကဋ္ဌက တစ်ဦးချင်း ပေးအပ်သည်။ **(၁၆၂)**

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ စက်တင်ဘာ ၁၅ရက်က မဟာရွှေစည်ကြီး ပရိယတ္တိစာသင်တိုက်အနီး ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
၁၈-၁၀-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဆန်းနေဝန်း ခရီးသွားလုပ်ငန်း၏ ခရီးစဉ်များ)
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့အငြိမ့်သဘင်) (သာရဝေါ်စိုးကြည်)
၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (မေ့ထားကြရအောင်ပါ) (ရှန်)
၁၂:၃၅ သီချင်းကြီး ပဒေသာ
(၁) တောဟောဝန်တောင် (သီချင်းခန့်) (မြင့်မြင့်စိန်)
(၂) အို-ကြော့ဆုံးမယ် (ပတ်ပျိုး) (ကိုသန်းဟန်)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မနက်ဖြန်အတွက် တေးလက်ဆောင် (ထား)
(၂) ဆည်းဆာ (မောင်မောင်ညွှန့်)
(၃) မပြေသာလွမ်းပေမယ့် (ဒလခင်ထွေးရီ)
၁၇:၃၀ အစာနှင့် အာဟာရ (ရွှေဖရုံသီးဆနွင်းမကင်းနှင့် ပီလောပီနံဆနွင်းမကင်း)
၁၇:၄၅ သူ့လက်သံ (မိုးဇော်ဗိုလ်၏ ဆိုင်းလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) စိတ်ထားဖြည့် ခမ္မမိုးစက် (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ)(၂) (မင်းကျော်မင်း)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (စံပယ်မင်း တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အရင်လိုစိတ်မချလို့ပါရှင်ရယ် တေးစီးရီး)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်ဖွဲ့ (ရီရီသန့်)
(၂) အချစ် (ကိုမြကြီး)
(၃) သမုဒ္ဒယသံယောဇဉ် (ခင်ညွှန့်ရီ)

မန္တလေးတိုင်းမိခင်/ကလေးကြီးကြပ်ရေးသို့ ရွာလုံးကျွတ်အဆိုပြုလွှာပေးအပ် ကျေးရွာသူ ကျေးရွာသားများနှင့် ကျန်းမာရေးအသိပညာပေးဆွေးနွေး

မန္တလေး အောက်တိုဘာ ၁၂

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ပုသိမ်ကြီးမြို့နယ် လက်သစ်စံပြကျေးရွာမှ ရွာလုံးကျွတ် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ပုသိမ်ကြီးမြို့နယ် လက်သစ်စံပြကျေးရွာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်း နှင့် အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ များနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသား အင်အား ၆၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း က မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ လုပ်ငန်းဆောင်ရွက်ချက် များနှင့်ပတ်သက်၍ ရှင်းလင်းပြော ကြားသည်။ **(အပေါ်ပုံ)**

လက်ခံ

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်မွေးမွေးကြူက လက်သစ်စံပြကျေးရွာမှ ရွာလုံးကျွတ် ရာသက်ပန် အသင်းဝင် အဆိုပြုလွှာ ၅၁၅ စောင်ကို ပေးအပ်ရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံ ရယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက လက်သစ်စံပြကျေးရွာ စာကြည့်တိုက် အတွက် သုတ၊ ရသစာအုပ်၊ စာစောင် မျိုးစုံအုပ် ၄၀၀၊ ကျေးရွာမူလတန်း ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ များအတွက် ဗလာစာအုပ် ၉၄ ဒါဇင်၊ ယင်လုံအိမ်သာ နှစ်လုံး၊ စာသင်ခုံ ငါးစုံ၊ ကျေးရွာတွင် ယင်လုံအိမ်သာ လိုအပ်နေသော အိမ်ထောင်စုများ အတွက် အိမ်သာခွက် ၁၈ ခွက်နှင့် ပညာပေး နံရံကပ်စာစောင်များ ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ရယူကြသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်တက်ရောက် လာသော ကျေးရွာသူ၊ ကျေးရွာသား များနှင့် စကားဝိုင်းဖွဲ့၍ ကျန်းမာရေး အသိပညာများ ဆွေးနွေးကြသည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမိခင် နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေး အဖွဲ့ဝင်များသည် ကျေးရွာ မိခင် နှင့်ကလေးစောင့်ရှောက်ရေး အသင်း ခွဲပိုင် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းနှင့် သီးပင်စားပင်များ ပျိုးထောင်ထားမှုကို လည်းကောင်း၊ ကျေးရွာမူလတန်း ကျောင်းရှိ ယင်လုံအိမ်သာများကို လည်းကောင်း လိုက်လံကြည့်ရှုခဲ့ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက် ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် စက်တင်ဘာ ၂၀ ရက်က ကျရောက်ခဲ့သော တေဇ (၂၀) ကျောင်းဆင်း အရာရှိများ(နှစ်ပတ်လည်အထိမ်းအမှတ်ဖြစ်) အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အောင်မြင်ရေး အရန်သားဖွားသင်တန်း ဂန့်ဂေါမြို့၌ဖွင့်

ဂန့်ဂေါ စက်တင်ဘာ ၁၀

လူထုကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အောင်မြင်ရေး ဂန့်ဂေါ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အရန် သားဖွားသင်တန်း (၂၀၀၆) ဖွင့်ပွဲကို ဩဂုတ် ၁၅ရက်က ဂန့်ဂေါမြို့ ပြည်သူ့ ဆေးရုံ၌ ကျင်းပသည်။

ရည်ရွယ်ချက်

သင်တန်းဖွင့်ပွဲတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာက အမှာစကား ပြောကြားပြီး အတွင်းရေးမှူးဒေါက်တာ ဝင်းရွှေဝင်းက သင်တန်းဖွင့်လှစ်ခြင်းနှင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ရည်ရွယ်ချက်များ ရှင်းလင်းသည်။

သင်တန်းကာလ

သင်တန်းသို့ ခရိုင်အတွင်းရှိမြို့နယ် များမှ သင်တန်းသူ ၂၁ဦးတက်ရောက် ကြ၍ သင်တန်းကာလမှာ သုံးလ ကြာမြင့်မည် ဖြစ်သည်။ (၂၇၃)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆုတောင်းပြည့်ဘုရားရှေ့ မြေယာရှင်းလင်းအလှဆောင်ရွက်မှု လုပ်ငန်းခွင်ကို စက်တင်ဘာ ၂၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကြေးပိဋကတ်တော်ပြုလုပ်ရန် ငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၆

ဘုရားဟောပိဋကတ်ကျမ်းစာတော် များကို ကြေးပြားတွင် အက္ခရာရေး ထွင်းလျက် ဝိနည်းပိဋကတ်တော်ဝင် ကျမ်းစာအုပ်များ ပြုလုပ်ပြီးစီးတော့မည် ဖြစ်ရာ ဝိနည်းပိဋက နောက်ဆုံး ပဉ္စမ ကျမ်းစာအုပ် ပရိဝါဒပါဠိတော်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဥာဏ (အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်ထံ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၂ ရပ်ကွက် ပင်လုံလမ်း အမှတ် ၁၄၂ နေ ဒေါ်မေသန်းကြွယ်၊ သမီး မဝါဝါမင်းမိသားစု၊ မကွေးမြို့နေ မောင်အောင်ကျော်သူ၊ မောင်ဖြိုးမောင် မောင် ညီအစ်ကိုနှစ်ယောက် မွေးနေ့ အလှူ၊ သာကေတမြို့နယ် ၇ရပ်ကွက် အောင်သုခလမ်း အမှတ်(၃၀) အမက ကျောင်းဝင်းနေ မိခင်ကြီး ဒေါ်မြင့်မြင့်ရီ အားရည်စူး၍ သမီးဒေါ်ခင်စိုးအောင် (ကျောင်းဆရာမ) မိသားစု၊ ရန်ကင်း မြို့နယ် ၈ ရပ်ကွက် ပါရမီရိပ်သာ မဥ္ဇူလမ်းနေ ဦးပေါ်မြင့်ဦး မွေးနေ့အလှူ၊ ဒေါ်မြစန္ဒီနှင့် သားမောင်ကျော်သူဦး မိသားစု၊မန္တလေးမြို့ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ဒေါ်ဥမ္မာ(နည်းပြဆရာမ) ကောင်းမှု၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၅ရပ်ကွက် မင်းရဲကျော်စွာလမ်းနေ နှစ်ဖက် မိဘများအားရည်စူး၍ ဦးလှသောင်း-ဒေါ်မြင့်မြင့်၊ သား ကိုအောင်ဆွေ၊ သမီးမသက်နွယ်လှမိသားစု၊ ဒေါပုံ မြို့နယ် ယမုံနာအိမ်ရာ သဘော်ကျင်း လမ်းနေ ဒေါ်တင်တင်လှ အသက် ၆၆ နှစ်ပြည့် မွေးနေ့အလှူ၊ သဃ်န်းကျွန်း မြို့နယ် သုဝဏ္ဏမြို့ ဝေဇယန္တာလမ်းနေ ဗိုလ်မှူးကြီး တင်မောင်မြင့်၊ ဒေါ်သန်း သန်းမြင့် မိသားစု၊ ကျေးဇူးတော်ရှင် သာမည ဆရာတော်အား အမှူးထား၍ တာမွေ မြို့နယ် အမက(၁၈) ဆရာမ ဒေါ်စောဌေးရီ၊ ဒေါ်ဌေးဌေးကြည်၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်အေးအေးသန်း၊ ဒေါ်သီတာမေ၊ ဒေါ်မိမိကြီး၊ ဆရာမများ စုပေါင်းအလှူ၊ အင်းစိန်မြို့နယ်ဗိုလ်ကုန်း ရပ်ကွက် မင်းကြီးလမ်းနေ နှစ်ဖက်သော မိဘ ဆွေမျိုးများနှင့် ခင်ပွန်း ဦးမြသန်း အားအမှူးထား၍ ဇနီးဒေါ်နုနုမိသားစုတို့ ကကြေးပြားတစ်ချပ်စီ၊တောင်ဥက္ကလာပ မြို့နယ်၉ရပ်ကွက် သစ္စာလမ်းနေ ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးနေ ဝင်းအားရည်စူး၍ ဇနီး ဒေါ်မိုးမိုးထွန်း၊ သမီး မမြတ်မိုးမိုးကျော်၊ မခိုင်ချိုနေဝင်း မိသားစု၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၀ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနေ ဘိုးဘွားမိဘများအားရည်စူး၍ ဦးထွန်းဝေ-ဒေါ်လှမြင့်၊ မြေး မောင်တည်တံ့ တို့က ကြေးပြားနှစ်ချပ်စီ လာရောက် လှူဒါန်းကြသည်။ **(က-ပ)**

မြန်အောင်မြို့ သာယာလှပရေးအတွက် မြို့အဝင်ဆိုင်းဘုတ် မြေခင်းအလှပြုပြင်မှုကို စက်တင်ဘာ ၁၀ရက်က ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စုပေါင်းစိုက်ပျိုး

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဥက္ကံ-စမ်းရွာ လမ်းဘေး ဝဲယာ တစ်လျှောက် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးမှုကို စက်တင်ဘာ ၁၉ ရက်က ဦးစီးအရာရှိ ဦးထွန်းခင် ကြီးကြပ် ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မြေယာရှင်းအလှဆောင်ရွက်

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ ရုံးကြီးလမ်းဘေး ပလက်ဖောင်းတွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြေယာရှင်းအလှ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အင်ဂျင်နီယာမှူး ဦးကျော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ စာတိုက်ကုန်းမဏ္ဍလာရာမ ကျောင်းတိုက်အတွင်း တည်ဆောက်မည့် မဏ္ဍလာမေ့မ္မဗိမာန်အတွက် ပဉ္စမ အကြိမ် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၆ ရက်က ကျောင်းဓမ္မာရုံ၌ ကျင်းပရာ အလှူရှင် ၁၈ဦး၏ စုစုပေါင်းအလှူငွေကျပ် ၁၆၅၄၆၀၀ ကို အလှူရှင်များကိုယ်စား ဒေါ်အေးသာခိုင်က ကျောင်းတိုက်သာသနနုဂ္ဂဟ အဖွဲ့ဥက္ကဋ္ဌ ဦးစန်းတင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိုင်းရယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

မိုင်းရယ် အောက်တိုဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) ကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁နာရီက မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်သိန်း တက်ရောက်ချီးမြှင့်ပြီး မြို့နယ်အသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းထွမ်းဆာက အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဒေါ်နော်အဲပုလင်းဖော၊ မြို့နယ်အလုပ်အမှုဆောင် ဒေါ်ခင်သန်းဌွေးနှင့် ဦးဝင်းလွင်ဦးတို့က ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၁၀ နှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံကြသည်။ **(အောက်ပုံ)** **(ပြည်နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆) ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် အဝင်လမ်း မဂ္ဂင်လမ်းမကြီး ခင်းရန်အတွက် ဦးဉာဏ်မျိုးအောင် မိသားစု ပြည်ထောင်စုရိပ်သာ ဒဂုံမြို့နယ်က အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

မြောက်ဦး–ပိုးဖြူကျွန်းလမ်း ကျောက်ချောခင်း

မြောက်ဦး အောက်တိုဘာ ၂

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြောက်ဦး–ပိုးဖြူကျွန်း ကျေးလက်ကျောက်ချောလမ်းခင်းနေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးမော်လွင်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ကိုးသောင်းပုထိုး ကျောက်ခင်းလုပ်ငန်း၊ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် အခြားစည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မော်သန်းက ရှင်းလင်းတင်ပြသည်။ **(မြို့နယ် စည်ပင်)**

စလေ–ပခန်းငယ်လမ်းခင်းရန် ကျောက်များစုဆောင်း

ချောက် အောက်တိုဘာ ၁

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ချောက်မြို့နယ် စလေ–ပခန်းငယ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ်၁၅၆၅၀၀၀၀ဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ၁၉ရက်က ကျောက်များစုဆောင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစိုးသန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မြမြသင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ဂွမြို့သာယာလှပရေး အရိပ်ရသစ်ပင်များစိုက်ပျိုး

ဂွ စက်တင်ဘာ ၂၅

ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်းဆောင်ရွက်သော ဂွ–ငါးသိုင်းချောင်း လမ်းရှိ မြို့အထွက်ဆိုင်းဘုတ်အနီး၌ စိန်ပန်းပင်နှင့် ရေတမာပင်များကို မြို့သာယာလှပစေရေးအတွက် စက်တင်ဘာ ၁၅ ရက်က စိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးဦးတင်မောင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(မြို့နယ် စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေကူမြို့ဝင်ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်းပြုပြင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ရွှေကူ အောက်တိုဘာ ၅

ရွှေကူမြို့အမှတ်(၁) ရပ်ကွက် ဗိုလ်ချုပ်လမ်း ဘေးဝဲယာတစ်လျှောက်နှင့် မြို့ဝင် ဆိုင်းဘုတ်အနီးတွင် မြေယာရှုခင်း အလှပြုပြင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်ကြရာ စက်တင်ဘာ ၃၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သောဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အရန် မီးသတ်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းခြင်းနှင့် စိုက်ပျိုးရေး ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်နှင့် ဒုတိယရဲမှူးစိုးမြင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် စည်ပင်)**

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ ကြီးကြပ်၍ မြို့တွင်း လမ်းဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အောက်တိုဘာ ၂ ရက်က ယာဉ်ယန္တရားများ အသုံးပြု၍ လမ်းပခုံးနှင့် ရေမြောင်းများ တူးဖော်ကြစဉ်။ (မြို့နယ် စည်ပင်)

ပေါင်းမြက်များရှင်းလင်း

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့နယ်ခန်းမရှေ့ မြေယာရှုခင်းနှင့် ပေါင်းမြက်များရှင်းလင်းနေမှုကို အောက်တိုဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးစောဒီးဒီ ကြီးကြပ်ဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)

ပေါင်းမြက်များရှင်းလင်း ရေနုတ်မြောင်းတူးဖော်

ရေဖြူ စက်တင်ဘာ ၂၅

တနင်္သာရီတိုင်း ရေဖြူမြို့(က)ရပ်ကွက်နှင့်(ခ)ရပ်ကွက်တွင် စက်တင်ဘာ ၃ရက် နံနက် ၇နာရီက ရေဖြူမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းများ ဆောင်ရွက်ကြရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်တိုးနှင့် အငယ်တန်းအင်ဂျင်နီယာ–၂ ဦးမိုးအောင်သူတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(တိုင်းစည်ပင်)**

ကျောက်ဖြူမြို့နယ် စည်ပင် သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးမောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှကြည်တို့ စက်တင်ဘာ ၁၈ရက်က မီးစက် လမ်းဆုံ မြေခင်းအလှ အမှတ် (၄) ဆောင်ရွက်နေမှုကို စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မွေးနေ့ဆုတောင်း

၁၂-၁၀-၂၀၀၆ ရက်တွင်ကျရောက်သော ချစ်သမီးလေး မအေးခန့်ဘုန်းပြည့်၏ မွေးနေ့တွင် (အမျိုးသမီးဖွံ့ဖြိုးရေး ပရဟိတဂေဟာ)နှင့် (မသန်စွမ်းပရဟိတဂေဟာ)အတွက် လှူဒါန်းရသောကုသိုလ်ဒါနများကြောင့် နောင်နှစ်ပေါင်းများစွာတိုင် အေးချမ်းပျော်ရွှင် အောင်မြင်မှုများ ရရှိပြီးအသက်ရှည်၊ အနာမဲ့လျက် လှပသောသမီးလေး အမြဲကံကောင်းပါစေ။

ချစ်သော - ဖေဖေ-မေမေ

ချစ်သော - ညီမလေး သဲသဲ၊

မောင်လေးကိုရဲ၊ တောင်ကြီး။

မသက်ဆိုင်ကြောင်းကြေညာခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်မီမီကျော် ၁၁/စတန(နိုင်) ၀၀၈၈၁၀သည် ၂၇-၉-၂၀၀၆ ရက်တွင် မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ကျွန်တော်နှင့် မသက်ဆိုင်တော့ပါကြောင်း ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်း သည်းခံပါ။)**

အောင်သာထွန်း၊ ၁၁/စတန(နိုင်) ၀၀၇၇၇၉
မြောက်စံပြအကွက်၊စစ်တွေမြို့

ဖခင်အမည်မှန်

ကန့်ဘလူမြို့၊အထကမှမရွှေနွေးခင်(နဝမတန်း-H)၊မဆွေဆွေအောင်(သတ္တမတန်း-E)၊ မောင်ကျော်ထက်အောင်(ဆဋ္ဌမတန်း-C)တို့၏ဖခင်အမည် မှန်မှာ ဦးမြင့်အောင်ဖြစ်ပါကြောင်း။

ဦးမြင့်အောင် ၅/ကဘလ(နိုင်)၀၈၃၇၇၉။



ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၉က/၇၁၇၅ မော်တော်ယာဉ်၏ လိုင်စင်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

မျိုးအောင်(ခ)အောင်ကျော်မိုး
ဖုန်း-၀၉-၉၉-၇၂၅၉၄၊
၀၉-၅၀-၀၅၈၆၀၊ ၇၀၇၂၄၀။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် မသိုးရွှေကြာသက်န်းရက်ပြိုင်ပွဲ

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်)၊ ၃-၁၁-၂၀၀၆ရက် (သောကြာနေ့)ညနေ ၅နာရီအချိန်မှစတင်၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၂၄)ကြိမ်မြောက် မသိုးရွှေကြာ သက်န်းရက်ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပထမဆုကျပ် ၁၀၀၀၀၀၊ ဒုတိယဆုကျပ် ၉၀၀၀၀၊ တတိယဆုကျပ်၈၀၀၀၀နှင့်နှစ်သိမ့်ဆုများအဖြစ် ကျပ် ၃၀၀၀၀စီနှင့် ရွှေတံဆိပ်ဆုများချီးမြှင့်ပါမည်။ ပါဝင်ယှဉ်ပြိုင်လိုသူ အသက်၁၆နှစ်မှ ၄၅နှစ်အတွင်းရှိ ရက်ကန်းပညာရှင် အမျိုးသမီးများသည် ၂၁-၁၀-၂၀၀၆ရက်(စနေနေ့) ညနေ ၃နာရီအချိန်မတိုင်မီ ဂေါပကအဖွဲ့သို့ လျှောက်ထားစာရင်းသွင်း ယှဉ်ပြိုင်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ခင်မောင်ဝင်း။

ဆေးတက္ကသိုလ်(၂)ရန်ကုန် (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၉-၁၁-၂၀၀၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၈-၁၁-၂၀၀၆ ရက်(အင်္ဂါနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာ အောင်မြင်ပြီးသူများနှင့် ၂၀၀၅ခုနှစ် ဧပြီလတွင် နောက်ဆုံး အမ်ဘီဘီအက် အပိုင်း(ခ) သင်တန်း စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန် (၁)နှစ်တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလ မတိုင်မီက အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့် ရှိသည်။

ဘွဲ့နှင်းသဘင်ကြေး	- ၁၅၀၀ိ/(ကျပ်တစ်ထောင်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	- ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာပိတ်ရက်	- (၁၀-၁၁-၂၀၀၆)

သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ပြည့်စုံစွာ ဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော(အဖြူအမည်း ၁လက်မခွဲ × ၂လက်မ)ဓာတ်ပုံ နှစ်ပုံနှင့်အတူလျှောက်ထားကြရမည်။

အသေးစိတ် အချက်အလက်များကို သိလိုလျှင် ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစိတ် ဖုန်း-၆၉၉၈၅၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စုသီတာဝိုင်း
မော်ကွန်းထိန်း
ဆေးတက္ကသိုလ်(၂)ရန်ကုန်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဒုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်(၂၃/၂၀၀၅)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ (၎င်းဘဏ်၏ကိုယ်စားခရိုင်မန်နေဂျာ) **နှင့်** ၁။ ဦးအောင်ထွန်း ၂။ ဒေါ်ပြုံးပြုံးကြည်

တရားနိုင် **တရားရှုံး**

မိတ္ထီလာခရိုင်တရားရုံး၏ ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၈၁ တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်သို့ ပေးသွင်းရန်ကျပ် ၁၅၁၂၅၆၄/၁၃ (ကျပ်တစ်ဆယ့်ငါးသိန်းတစ်သောင်းနှစ်ထောင်ငါးရာခြောက်ဆယ့်လေးနှင့် တစ်ဆယ့်သုံးပြား)ကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့ (၁၃၆၈ခု နတ်တော်လဆန်း ၁ရက်)နေ့ မွန်းမတည့်မီ၁၀နာရီ အချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ် (၈/ပြည်သာယာမြောက်) မြေကွက်အမှတ်(၁၇၆)မြေချိန်ဧရိယာ(၀ဒ၁သမ၀၄၂)ဧကရှိ မြေနှင့် ၎င်းမြေပေါ်ရှိ(၂၄×၂၇)ပေရှိ လူနေတစ်ထပ်တိုက်နှင့် တွင်ခုံတစ်လုံး၊ သံဂဟေအိုးတစ်လုံး။

လေလံကြမ်းခင်းဈေးကျပ်(၂၂)သိန်း။
လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှသာဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

စိုးလွင်
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)

(လားရှိုးမြို့ မြို့နေရာချထားရေးကော်မတီ)

လားရှိုးမြို့

ရက်စွဲ။ ။၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၅ရက်။

အမိန့်ကြော်ငြာစာ

လားရှိုးမြို့ မြို့ရပ်ကွက်များတွင် ယခင်ကာလအပါအဝင် မြို့မြေနေရာ ချထားရေးကော်မတီအဆက်ဆက်မှ ထုတ်ပေးထားသော မြေပေးအမိန့်အရ မြို့တိုးချဲ့မြေကွက်သစ် ရရှိထားသူများ သိရှိလိုက်နာဆောင်ရွက်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

(၁) ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည်မှစတင်၍ ယခင်မြေပေးအမိန့် ရရှိထားသူများသည် မိမိရရှိထားသော မြို့မြေကွက်တွင် အဆောက်အအုံကို ၆လအတွင်း ဆောက်လုပ်ရမည်။

(၂) မြေပေးအမိန့်ကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။

(၃) မြေပေးအမိန့်ရရှိသည်နှင့် တစ်ပြိုင်နက် မြေစာရင်းပုံစံ (၁၀၅) ရေးဆွဲရယူထားရေး၊ မြေငှားလိုင်စင် လျှောက်ထားရေးတို့ကို မပျက်မကွက်လိုက်နာ ဆောင်ရွက်ရန်။

(၄) ဖော်ပြပါစည်းကမ်းချက်များအပြင် အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၅) အထက်ပါ စည်းကမ်းချက်များကို လိုက်နာခြင်းပျက်ကွက်ပါက မြေပေးအမိန့်အား ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

(၆) ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ၆လအတွင်း အမြန်ဆက်သွယ် ဆောင်ရွက်ရန်။

(၇) အထက်ပါ စည်းကမ်းချက်များနှင့် ပတ်သက်၍ သိရှိလိုပါက ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လားရှိုး၊ ပြည်နယ် မြေစာရင်း ဦးစီးဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်ရန်။

မြို့မြေနေရာချထားရေးကော်မတီ၊
လားရှိုးမြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇန ကော့သောင်းဆီအုန်းခြံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ စိုက်ပျိုးရေးဘွဲ့ရ	(B.Ag, Dip Ag.)	ကျား (၃၅)နှစ်အောက်
၂။ တက္ကသိုလ်ဘွဲ့ရ	(B.Sc,B.A)	ကျား (၃၅)နှစ်အောက်
၃။ ကျန်းမာရေးမှူး		ကျား (၅၀)နှစ်အောက်
၄။ ဆရာဝန်	(M.B.B.S)	ကျား/မ(၅၀) နှစ်အောက်

လျှောက်ထားလိုသူများသည်ဘွဲ့လက်မှတ်မူရင်း၊မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်၊ မှတ်ပုံတင်မူရင်းများနှင့်အတူ အမှတ် ၁၃၀ ယုဇနစင်တာ တတိယထပ် ရွှေဂုံတိုင်သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

အမည်ပြောင်းလဲခေါ်ဆိုရန်

စစ်တွေမြို့ အထက(၄)နဝမတန်း(က)မှ ဦးအုန်းသွင်၏ သားဖြစ်သူ မောင်စိုးရန်ပိုင်သွင် နိုင်ငံသားစိစစ်ရေးအမှတ် ၉/ပဥလ(နိုင်)၀၂၂၆၆၀အား ယနေ့မှစ၍ မောင်ကြယ်စင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကြယ်စင်ထက်။**

လူပျောက်ကြော်ငြာ

မောင်ရဲထွဋ်နိုင် အသက်(၂၀)၊ မြန်မာလူမျိုး၊ အရပ်ရှည်ရှည်သည် ၃-၉-၂၀၀၆ရက်က နေအိမ်မှထွက်ခွာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးသူအား ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်း လက်ခံထားသူအား တရားဥပဒေအရအရေးယူမည်။ **ဆက်သွယ်ရန်-အမှတ် ၇၁၃၊ ရွှေအုတ်ဂူ ၄ လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၅၄၇၀၄၉။**

ရောင်းမည်

ဘွိုင်လာနှင့်

အင်ဂျင်ရောင်းရန်ရှိသည်။

စုံစမ်းရန်-ဖုန်း-၀၆၇-၃၀၂၉၆။

မြန်မာ့ရုပ်မြင်သံကြား

၁၇–၁၀–၂၀၀၆ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ကူးလူးဆက်သွယ် ချစ်ကြိုးနှွယ် (ကရင်၊ မွန်)
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၂၅ ၇။ **"နင်းကြည့်စမ်းပါ"** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း–၁၈)
၁၈:၅၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း–၁၀)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"** (အပိုင်း–၁၄)
၁၈။ **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၁၀–၂၀၀၆ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ မြန်မာမှုအနုပညာလက်ရာပန်းပု (အပေါင်း)ပညာ
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ Sunday Talk
၈:၂၀ ပြည်တွင်းသတင်းအကျဉ်း
၈:၃၀ စားချင်စရာ ငါးချဉ်အရသာ
၈:၄၅ တေးဂီတအစီအစဉ်
၈:၅၀ နိုင်ငံတကာ အနုပညာရေးရာ
၉:၁၅ တေးဂီတအစီအစဉ်
၉:၂၀ နိုင်ငံတကာ သတင်းအကျဉ်း
၉:၂၅ သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ (ပျားလိမ္မော်)
၉:၄၅ တေးဂီတအစီအစဉ်
၉:၅၀ တစ်ပတ်အတွင်း အားကစားသတင်း
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ အဆီကျဖို့ အဆီချစို့
၁၀:၃၅ မိုးလေဝသခန့်မှန်းချက်
၁၀:၄၀ Game Guite (Harry Potter & Goblet of Fire)
၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ **အမွှန်မြတ်ဆုံးလက်ဆောင်** [နေရဲလင်း၊ နှင်းဦး၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ] (ဒါရိုက်တာ–မောင်မောင်မြင့်)
၁၁:၅၀ နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၅၅	CSKA Moscow-Arsenal	5-Sports (Live)
၁:၀၀	Man;U-Copenhagen	5-Sports (Live)
	Anderlecht - AC Milan	5-Series (Live)





ဗိုလ်မှူးကြီးအေးကို (ငြိမ်း)
(ကြို့ပင်ကောက်)
စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)
အသက်(၈၀)

ကြို့ပင်ကောက်မြို့နေ (ဦးမှူ–ဒေါ်သော့မေ)တို့၏သား၊ မြိတ်မြို့၊ ထားဝယ်စုရပ်နေ (ဦးခင်နား–ဒေါ်နေထူး၊ ဒေါ်ရှုကျင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၄၅(E)နေ ဒေါ်ပိုပို၏ခင်ပွန်း၊ ဒေါက်တာအောင်စိုး–ဒေါက်တာညိုညိုထွေး၊ ဒုတိယဗိုလ်မှူးကြီးနိုင်တိုး(ငြိမ်း)–ဒေါ်အေးမွန်ရှိန်း၊ ဒေါက်တာသီတာအေး–ဗိုလ်မှူးဇော်ထွန်းအောင်(Air Bagan)၊ ဒေါက်တာမြတ်မိုးအေး–ဒေါက်တာမြတ်မြတ်နွယ်၊ ဦးနေတိုးအေး–ဒေါ်နီလာခင်တို့၏ဖခင်၊ မောင်သက်ဝေအောင်၊ မအင်ကြင်းပွင့်၊ မဒေလီယာပွင့်၊ မောင်ဝံသ၊ မောင်ဝေယံတိုးအေးတို့၏အဘိုးသည် ၁၆–၁၀–၂၀၀၆ရက်(တနင်္လာနေ့) နံနက် ၁၀:၁၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂–၁၀–၂၀၀၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအေးမောင်(ခ)ဦးအောင်မြင့် (ကျိုက်ပိ)
အသက်(၇၅)နှစ်

မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိကျေးရွာနေ (ဦးရွှေဂုတ်–ဒေါ်တင်ဖွား)တို့၏သား၊ (ဦးပွ–ဒေါ်ဆိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ၁၅လမ်း၊ အမှတ် ၇၂နေ ဒေါ်အမာ၏ခင်ပွန်း၊ ကိုကျော်ဝင်းခိုင်၊ မခင်မာမြင့်၊ ကိုကျော်နိုင်ဦး၊ မဥမ္မာမြင့်–ကိုကျော်မိုးခိုင်၊ ကိုအောင်အောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၅–၁၀–၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇–၁၀–၂၀၀၆ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

မိခင်ကြီး ဒေါ်တင်တင်အုန်း(အထက–၂၊ လသာ) နာမကျန်းဖြစ်စဉ်နှင့် ဈာပနကိစ္စတွင် ဂရုတစိုက်ကူညီပေးပါသော အထက(၂)လသာမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သမီးကျောင်းသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သောင်းမြင့်
ဒု–လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု/စားကုန်
အသက်(၆၉)နှစ်

(ဦးမြစိန်–ဒေါ်သန်းရွှေ)တို့၏သမီး၊ (ဦးကျင်းဂျူ)–ဒေါ်ဂေကွီတို့၏သမီးချွေးမ၊ ဦးညွန့်လွင်–ဒေါ်စန်းမြင့်၊ (ဦးဝင်းမြင့်)–ဒေါ်တင်လှတို့၏ညီမ၊ အိမ်အမှတ် ၈၃၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်နေ တပ်မတော်အရိုးကုဆေးရုံကြီး တပ်မှူး ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း) (အရိုးအထူးခွဲစိတ်ကုပါရဂူ)၏ဇနီး၊ ဦးဇင်မင်းသန်း(Alfred Teoh)–ဒေါ်အီဗာ၊ ဦးစိုးမိုးသန်း(Wilfred Teoh)–ဒေါ်မျိုးမျိုးထွန်း၊ ဦးဇော်မင်းသန်း(Michael Teoh)–ဒေါ်ဝေဝေဦး၊ ဦးကျော်ဇေယျာသန်း(Patrick Teoh)–ဒေါ်နီလာဝင်း(Stephanie)၊ ဦးထွန်းသူရသန်း(Franklin Teoh)တို့၏မိခင်၊ JULIANANA TEOH ၏အဘွားသည် ၁၅–၁၀–၂၀၀၆ရက် နံနက် ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၁၀–၂၀၀၆ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၆

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄** ၌ ကြော်ငြာများနေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ် မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၃၉၂၂၂၃**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

အမည်ပြောင်း

ရွှေပြည်သာ အထက(၃)သတ္တမတန်း(ဘီ)မှ ဦးလှရွှေ၏ သမီး မကြည်ကြည်ခင်အား မပန်းအိဖြူဟု ပြောင်းလဲခေါ်ပါရန်။

မပန်းအိဖြူ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထွန်းအောင်ကျော်၏ P.P-070681 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ ပြန်ပို့ပေးပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း–၆၉၀၁၉၁။

ဝဏ္ဏကျော်ထင် ဦးလွန်းဖေ
(ဒေါင့်ကြီး/ဟင်္သာတ)
ဥပဒေရေးဆွဲရေး၊ အကြံပေးအရာရှိ(ငြိမ်း)
အသက်(၉၇)နှစ်

ဟင်္သာတခရိုင်၊ ဒေါင့်ကြီးမြို့နေ (ဦးမောင်ကလေး–ဒေါ်ကုလားမ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅၁၊ ၅လမ်းနေ(ဒေါ်တင်ကြည်)၏ခင်ပွန်း၊ (ဦးလှဖေ–ဒေါ်ကျင်စိန်)၊ (ဒေါ်သိန်းကြည်)၊ (ဦးသိန်းလှိုင်–ဒေါ်အေးမှင်)၊ ဦးတင်လှိုင်–ဒေါ်စောလှတို့၏အစ်ကိုကြီး၊ ဒေါ်ရီ၊ ဦးမြင့်ဦး–ဒေါ်ခင်မျိုးမြင့်၊ ဦးအောင်မင်း–ဒေါ်ခင်ခင်ရီ၊ ဒေါ်ကြည်ငွေ(ရေနံ/ဓာတု)တို့၏ ဖခင်ကြီး၊ မောင်ဆွေသင်းဦး၊ မောင်ဝင်းထိန်ဦး၊ မောင်သန့်စင်မင်းတို့၏ အဘိုးသည် ၁၆–၁၀–၂၀၀၆ရက် နံနက် ၁၁:၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၁၀–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
အလ်ဟဂ်ျ–အလ္လာမဟ်–မွဖ်သီမိုဟမ္မဒ်ယူစွပ်(ခ)
ဆရာကြီးဇုံ
(ရှိုင်ခွလ်ဟဒီးဆ်)
(ရှမ်စွလ်အိုလမာ–မြန်မာ)
ကန့်ဘလူမြို့၊မြန်မာအရဗီသိပ္ပံကျောင်းအုပ်ကြီး
အသက်(၁၀၀)

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ဆားကုန်းရွာနေ ဦးကောက်–ဒေါ်ငွေလှိုင်တို့၏သား၊ ကန့်ဘလူမြို့၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၏ ကျောင်းအုပ်ဆရာကြီး စွလာဟိယတွလ်အိုလမာ၊ အစ္စလာမ်သာသနာပညာရှင်များ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ချုပ် သဘာပတိအဖွဲ့ဥက္ကဋ္ဌသည် ၁၆–၁၀–၂၀၀၆ရက် မွန်းတည့် ၁၂နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူပြီး ၁၇–၁၀–၂၀၀၆ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ကန့်ဘလူမြို့ မွတ်စလင်မ်သုသာန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း တပည့်ဒကာအပေါင်းတို့အား အသိပေးကြေညာအပ်ပါသည်။

အမှုဆောင်အဖွဲ့
တိုင်းစွလာဟိယတွလ်အိုလမာအဖွဲ့ချုပ်
မန္တလေးတိုင်း
၂၈လမ်း၊ ၈၂လမ်း x ၈၃လမ်းကြား၊ ရတနာပုံအိုးဘိုဗလီဝင်း၊မန္တလေးမြို့။

ဦးညွန့်စံ (ဦးမာလီကွန်း)
(ကော့ကလုပ်ရွာ၊ မော်လမြိုင်)
အသက်(၇၁)နှစ်

မော်လမြိုင်မြို့၊ ကော့ကလုပ်ရွာနေ (ဦးစီအို – ဒေါ်ငွေသစ်)တို့၏ သား၊ (ဦးလောင်စွမ်း)–ဒေါ်ကျင်မြိုင်တို့၏သားသမက်၊ ဒေါ်သီသီနွယ်၏ခင်ပွန်း၊ ဒေါ်စန်းစန်းဝင်း–ဦးစိုးအောင်(သီဟ ဆေးဆိုင်၊ယုဇနပလာဇာ)၊ ဒေါ်ရီရီဝင်း–ဦးဝင်းလှိုင်(ရှိုင်းဟုပ်ကုမ္ပဏီလီမိတက်)၊ ဦးမျိုးညွန့်–ဒေါ်နီနီစိုး၊ ဦးမျိုးနိုင်–ဒေါ်နီလာအေးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၆–၁၀–၂၀၀၆ရက် (တနင်္လာနေ့) နံနက် ၅:၃၅နာရီတွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၁၀–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။(အမှတ် ၁၂၊ ၁၅၂လမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် ၅၈၈၄၃၄ သည် ခရီးသွားနေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ **အောင်ဇော်မျိုး ဖုန်း–၃၉၂၁၁၃။**

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ထ/၇၄၂၄ Mazda Familia PIU ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအင်ဟိုက် မှတ်ပုံတင်အမှတ် ၆/မအရ(နိုင်)၀၀၉၇၆၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဦးစီးမှူးရုံး(မြိတ်)။**

ဒေါ်အုံးမြ
(ဆေးဝက်ဘာယောဂီ)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၉)ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ် ၆၄နေ(ဦးဖိုးရင်–ဒေါ်ဖွားရင်)တို့၏သမီး၊ (ဦးစောမောင်)၏ဇနီး၊ ဦးတင်ထွန်း–ဒေါ်ခင်သန်း၊ ဒေါ်မြစန်း–ဦးတင်၊ ဒေါ်မြသန်း–ဦးလှထွန်း၊ ဦးအောင်မြင့်–ဒေါ်မြသွေး၊ (ဒေါ်တင်အုန်း)၊ ဦးသက်တင်၊ (ထွန်းထွန်းနိုင်)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၃ယောက်တို့၏ အဘွားသည် ၁၆–၁၀–၂၀၀၆ရက်(တနင်္လာနေ့) နံနက် ၁၀:၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၈–၁၀–၂၀၀၆ရက် မွန်းလွဲ ၂နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့် (သရက်မြို့)
အသက်(၇၁)နှစ်

သရက်မြို့၊ အငြိမ့်လမ်းနေ (ဦးမောင်လေး–ဒေါ်တင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် ၂၂၃၊ အခန်း ၆နှင့် အရှေ့ရန်ကင်း၊ တိုက် ၂၁၀၊ အခန်း ၄နေ ဦးတင်အေး၏ဇနီး၊ ဦးရွှေထွန်း–ဒေါ်လင်းလင်းမော်၊ဦးအောင်ဇော်–ဒေါ်ခင်အုန်းမြင့်၊ ဦးအောင်မော်–ဒေါ်နွယ်နွယ်ဦးတို့၏မိခင်၊ မောင်ထက်အောင်လှိုင်၊ မောင်ကျော်စည်သူတို့၏အဘွားသည် ၁၆–၁၀–၂၀၀၆ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၁၀–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တိုက် ၂၂၃/၆ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိန်တင်
အသက်(၇၀)

ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၂၆၈နေ ဦးညိုမောင်၏သမီး၊ (ဦးတင်လှ)၏ဇနီး၊ ကိုညွှန့်ဝင်းအောင်–မခင်မိုးမိုးလင်း၊ ကိုဇော်ဝင်းအောင်–မသင်းသင်းတို့၏ မိခင်သည် ၁၄–၁၀–၂၀၀၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၁၀–၂၀၀၆ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Taang Lian Suan Mung (Vangteh)
အသက်(၂၂)နှစ်

တီးတိန်မြို့နယ်၊ ဗန်းတဲ့ရွာနေ (Pu Suan Cin Pau)–Pi Tel Ngawh Niang တို့၏သား၊ Pa Kam Khan Sing–Nu Ning Ngo Vung၊ Nu Luan Khaw Cing–Pa Zam Do Thawn၊ Pa Langh Khan Pum–Nu Cing Khan Huai၊ Tg.Thang Sian Hau၊ Pa Kam Dongh–Nu Zel Lam Niang၊ Tg. Dal Khan Sian၊ Tg. Thang Sian Khual တို့၏ညီ/မောင်၊ Tg.Thang Tung Mang၏အစ်ကို၊ Pa Suangh Khan Langh(TBC-Y)၏ဝမ်းကွဲညီသည် ၁၆–၁၀–၂၀၀၆ရက်(တနင်္လာနေ့)နံနက် ၁၀:၄၀နာရီတွင် မဟာမြိုင်အထူးကုဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈–၁၀–၂၀၀၆ရက် နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဝတ်ပြုဆောင်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကားများကို အမှတ် ၆၁၈၊ ကျောင်းလမ်းသွယ်၊ ဓမ္မစေတီလမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဒဂုံနှင့် TBC-Y၊ ဆိပ်ကမ်းသာလမ်းမှ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်တိတ်ရင် (ပုလော)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၅၀၊ ခြောက်လွှာနေ (ဦးရွှေဟို)၏ဇနီး၊ ဦးမောင်ဉာဏ်–ဒေါ်စိမ်းခင်၊ ဦးရှောင်လင်–ဒေါ်ညွှင်းလွင်၊ ဦးရှောင်လို့–ဒေါ်အာရှူ၊ ဦးတင့်လွင်–ဒေါ်မြမြခင်၊ ဦးစိုးလွင်–ဒေါ်ခင်နွဲ့၊ ဦးဝင်းတင်–ဒေါ်လှရင်၊ ဦးမင်းကြည်–ဒေါ်စိုးစိုးခိုင်၊ ဦးထွန်းအောင်–ဒေါ်ချိုချိုလွင်၊ ဦးမြင့်ရှိန်–ဒေါ်သန်းသန်းထွေးတို့၏မိခင်၊ မြေး ၂၁ယောက်တို့၏အဘွား၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၁၃–၁၀–၂၀၀၆ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွေး
မန်နေဂျာ(ငြိမ်း)
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I ပဒေသာပင်မြို့တော်၊ သစ်ခွဥယျာဉ်၊ ယမင်းရွှေဝါလမ်း၊ အမှတ်(အို–၁၆၆)နေ(ဦးကြည်ငွန်–ဒေါ်စု)တို့၏သား၊ ဒေါ်ခင်လှ၏ခင်ပွန်း၊ (ဦးရှု–ဒေါ်နု)တို့၏မောင်၊ ဦးသိန်းဆွေ–ဒေါ်ခင်ထွေးမော်၊ (ဦးဝင်းနိုင်)၊ ဦးဆန်နီထွေး–ဒေါ်မြင့်မြင့်ခင်၊ ဒေါ်ရီနွယ်ထွေးတို့၏ဖခင်၊ ကိုထွန်းထွန်းနိုင်–မမျိုးမာလာ၊ (ကိုကျော်ကျော်သူ)၊ ကိုမြတ်ဆွေ–မယမင်းထင်အောင်၊ Mr. Nigel Blackwood– မမာလာမော်၊ ကိုနေလင်းအောင်–မအယ်လ်နာတို့၏အဘိုး၊မြစ်လေးယောက်တို့၏အဘိုးသည် ၁၆–၁၀–၂၀၀၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ညွှန့်
(သန်လျင်၊ ဗိုလ်ချုပ်ကျေးရွာ)
သာကေတမြို့နယ်ဂီတကောင်စီ
အလုပ်အမှုဆောင်အဖွဲ့ဝင်ဟောင်း
အသက်(၆၄)နှစ်

သန်လျင်မြို့နေ (ဦးစံရွှေ–ဒေါ်မြစိန်)တို့၏သား၊ (ဦးထွန်းတင်)–ဒေါ်လှရှင်တို့၏မောင်၊ ဦးအုန်းမြင့်–ဒေါ်အေးအေးသိန်း၊ ဦးစိုးညွှန့်–ဒေါ်မြခင်၊ ဦးစံမြင့်–ဒေါ်အုန်းခင်၊ ဦးလှထွန်း–ဒေါ်လှငွေ၊ ဦးသိန်းထွန်း–ဒေါ်လှမြင့်တို့၏ အစ်ကို၊ သာကေတမြို့နယ်၊ (၂/က)ရပ်ကွက်၊ ထူပါရုံ ၂၃လမ်းအရှေ့၊ အမှတ် ၄၇၇နေ ဒေါ်ခင်တိုးမြင့်၏ခင်ပွန်း၊ ဗိုလ်ကြီးမင်းနိုင်–ဒေါ်စန်းစန်းတိုး၊ ဦးမင်းဦး–ဒေါ်နုနုဆွေ(မာရီစတုပ်)၊ ဦးခင်မောင်လှ(ဆီဒိုးနား ဟိုတယ်)–ဒေါ်အေးအေးဆွေ၊ တသ/၁၃ ကျော်မြင့်အောင်၊ ကိုကျော်ဝင်းမြင့်–မအေးကြွယ်မြင့်၊ ဗိုလ်မှူးကောင်းညွှန့်–ဒေါ်မိုးမိုးအောင်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၅–၁၀–၂၀၀၆ရက် ညနေ ၅:၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉–၁၀–၂၀၀၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုတင်မောင်ဦး(ခ)
ကိုဖိုးချွား (မြိတ်)
အသက်(၄၅)နှစ်

ဦးရွှေတင်–ဒေါ်ကြီးမေတို့၏သား၊ ဦးကျော်–ဒေါ်အင်တို့၏ သားသမက်၊ ဦးရွှေဟုတ်–ဒေါ်အင်ငယ်တို့၏တူသား၊ မသီသီကျော်၏ခင်ပွန်း၊ မမေသက်ဦး၊ မအိအိထွေး၊ မောင်ဖြိုးကျော်ကျော်တို့၏ ဖခင်၊ ကိုဝင်းလှိုင်–မချိုမာ၊ ကိုဝင်းအေး–မတင်တင်၊ကိုမျိုးခန့်–မအေးညို၊ကိုအောင်မိုးလွင်၊ မမို့မို့လွင်–ကိုဘောက်အောင်၊ ကိုနိုင်လင်းတို့၏ အစ်ကိုကြီးသည် ၁၄–၁၀–၂၀၀၆ရက်(စနေနေ့)ည ၁၀:၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၈–၁၀–၂၀၀၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၁၂၊ ဦးဖီးလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပ အနုပညာချစ်မြတ်နိုးကြသောပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၆

မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရန်၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်နှင့် စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်ဟူသည့် ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စုဝေးခန်းမ၊ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ စုဝေးခန်းမနှင့် စာသင်ခန်းမ၊ သစ်တောသုတေသနဌာန စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမနှင့် သင်တန်းခန်းမတို့၌ ယမန်နေ့က ပြိုင်ပွဲအစီအစဉ်များကို စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပသည်။

ကြည့်ရှုအားပေး

ထိုသို့ကျင်းပကြရာတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမနှင့် စာသင်ခန်းမတို့၌ လည်းကောင်း၊ အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်စုဝေးခန်းမ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမနှင့် သင်တန်းခန်းမတို့၌ လည်းကောင်း၊ အတီးပြိုင်ပွဲကို သစ်တောသုတေသန စုဝေးခန်းမနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမတို့၌လည်းကောင်း အသီးသီး ကျင်းပကြရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး မန္တလေးယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းဝင်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေး နားသောတဆင်ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

စန္ဒရားအတီးပြိုင်ပွဲ

ဒုတိယနေ့ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်မှ (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အရေးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (သတင်းစဉ်)

အဆိုပြိုင်ပွဲ

ဒုတိယနေ့ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ကာလပေါ် အဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင် တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အကပြိုင်ပွဲ

အမျိုးသမီးဝါသနာရှင်အဆင့် (ပထမတန်း) အကပြိုင်ပွဲ တွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

ဝေဿန္တရာဇာတ်တော်ကြီး မည်သူမဆိုအခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၁၆

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်း ကိုယ်စားပြု မိုးမင်းဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)